
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊
(ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။

၈၉၅.၈၃
နတ်ရှာမိုး
အနီးကောင်ပျက်စေတောင်း / နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၄၀ - စာ၊ ၁၃.၅ × ၂၀ စင်တီ။

www.burmeseclassic.com

www.burmeseclassic.com

# ငယ်ချစ်ဦး

အနီးကပ်မျက်တောင်း




www.burmeseclassic.com

www.burmeseclassic.com



ဘဝဝေတော်သူချင်း...
အဖော်တော်သူချင်း...
အပျော်တော်သူချင်း...
စိတ်ထားမြတ်သူချင်း...
မေတ္တာတွေ၍...
ချစ်ခြင်းပွေ့ပွေ့...
သတင်းလွှေ့လွှေ့...
ပေါင်းဖက်မွေ့ပါ။

www.burmeseclassic.com

www.burmeseclassic.com





# အခွင့်

ဖွင့်မိန်းမြည်လာသည်။ ဖွင့်ကြည့်လိုက်သောအခါ နံပါတ်အစိမ်း ဖြစ်နေသည်။

နံပါတ်အစိမ်းဆိုသည်မှာ အစိမ်းရောင်နံပါတ်မဟုတ်ပါ။ သူ မမြင်ဖူးသောနံပါတ် ဖြစ်နေခြင်းကို ဆိုလိုသည်။

ထို့ကြောင့်. . ယဉ်ကျေးမှုအရ ရှိရှိသေသေပင် ထူးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟဲလို!. . အမိန့်ရှိပါခင်ဗျာ"

"ရှင်. . စောက်ပေါလား. . ?"

ချိုသာသော မိန်းကလေးအသံပေမင့် စကားလုံးက ရင်ဘတ်ထဲချက်ချင်း ဒူးရင်းသီးသီး၏။

အကင်းမဟုတ် ဝမ်းပြင်းသီး. . .။

"ဘာကွ!. . ."

"ရှင်. . စောက်ပေါလားလို့ မေးတာလေ. . .၊ ဒါလေးမေးတာများ ဒေါသသံကြီးနဲ့ လူကိုလန့်သွားတာပဲ. . ."

"မင်းဘယ်သူလဲ. . . ဘယ်ကလဲ. . . ငါ့ကိုသိလို့လား"

"သိပ်သိတာပေါ့၊ ရှင့်နာမည် ချစ်ရင်ထူး (ခေါ်) ချစ်ဘော်"

"မင်းဘယ်သူလဲ. .၊ မင်းကိုငါ ဘာစော်ကားဖူးလို့လဲ. . ပြော. . ."

"သူများက ဘာစော်ကားလို့လဲ. . ."

"မင်းပဲ ဖွင့်ဖွင့်ချင်း ရှင်စောက်ပေါလားလို့ ငါ့ကိုမေးတယ်လေ. ."

"သေသေချာချာလည်း နားမထောင်ဘူး၊ သူများမေးတာ 'စောက်(သ်)ပေါ'လားလို့ မေးတာရှင့် 'သ'သတ်'သံလေးပါတယ်၊ အင်္ဂလိပ်လို S...o...u...t...h... P...a...w...၊ ရှင် 'ဘယ်သန်'လားလို့မေးတာ စောက်ပေါရဲ့. . . ဒါပြ. ."

"ဟင်!. . ."

"အွန်!. . ဖုန်းချသွားပြီ"

နောက်ဆုံး စောက်ပေါ၌ သသံမပါတော့ချေ။


www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်၍ ထိုနံ့ပါတ်စိမ်းကို ပြန်ခေါ်သောအခါ စက်ပိတ်ထားသည်ချည်း ဖြစ်နေခဲ့လေသည်။

'ဟုတ်ကဲ့. . အဲ့သည်က စပါတယ်ခင်ဗျား. . 'ဟုပင် ဆိုရတော့မည်။




www.burmeseclassic.com

www.burmeseclassic.com

အချစ်နှင့်
သိတွေ့လိုက်သူတိုင်း
ကဗျာဆရာ ဖြစ်သွား၏...။
(ဝိလျှံရှိတ်စပီးယား)

အချစ်နှင့်
ထိတွေ့လိုက်သော
ကဗျာဆရာတိုင်း
အရူးတပိုင်းဖြစ်သွား၏...။
(နတ်ရှာမိုး)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

ထို South Paw ကိစ္စ မတိုင်ခင် သုံးလလောက်ကဖြစ်ပါသည်။ သူ့သူငယ်ချင်း နေလင်းအောင် နေ့ခင်းကြောင်တောင် နေပူကြီးထဲ ဆိုင်ကယ်နှင့် အိမ်ကိုပေါက်ချလာသည်။ အသားအလှပျက်မှာ အင်မတန်စိုးသောကောင်မို့ နေပူလျှင် ဘယ်ကိုမှထွက်လေ့ မရှိမှန်း သူသိထားသည်။ မနက်နှင့်ညနေပိုင်းသာ သူ့ဆီလာလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ခြံထဲက ပိတောက်ပင်အောက်မှာ ပက်လက်ကုလားထိုင် ချ၍ လက်ရမ်းနှစ်ဘက်အပေါ် အထပ်သားပြားတင်ပြီး ကဗျာထိုင်ရေးနေခိုက်ဖြစ်သည်။

ဆိုင်ကယ်ထိုးရပ်သည်။ ခြင်းထဲက အထုပ်တစ်ထုပ်လှမ်းယူရင်း. . စပ်ဖြီးပြရင်း. . သူ့ဆီ ချဉ်းကပ်လာသည်။

"ချစ်ဘော်. . . ဦးနဲ့အန်တီ ဘယ်သွားလဲ. . ."

"သိရက်သားနဲ့ကွာ မေမေကကျောင်းသွားတာပေါ့. . . ဖေဖေက ကားထွက်တယ်လေ. . ၊ အထုပ်ထဲက ဘာတွေလဲ. . ."

"ဦးနဲ့အန်တီအတွက် နဝရတ်က ဝက်သားပေါင်းဝယ်လာတာ. . . ၊ ပူပူနွေးနွေး. . မင်းပဲ ဝါးလိုက်တော့"

အထပ်သားပြားပေါ်ပစ်တင်ရင်း ဘေးကခွေးခြေပေါ် ဝင်ထိုင်သည်။ အကျီကို ဟစိဟစိလုပ်ရင်း. . .

"ပူလိုက်တာကွာ"

ဖေဖေနှင့်မေမေကို သူအရမ်းခင်မှန်းသိသည်။ နဝရတ်သွားလျှင် ပါဆယ်ဝယ်နေကျ ဝက်သားပေါင်းကို ဝယ်လာသည်။

ဒီကောင် တစ်ခုခု သူ့ကိုခိုင်းတော့မည်မှန်း တန်းသိသည်။ သို့မဟုတ် မေမေ့ဆီက ပိုက်ဆံချေးဖို့ပဲဖြစ်မည်။

"နေပူကြီးထဲကွာ. . . မင်းလို skin care ကောင်က ကိစ္စတစ်ခုရှိလို့ လာတယ်ဆိုတာ ငါသိတယ်ဟော့ကောင်၊ မြန်မြန်ပြော ငါဒီမယ် ကဗျာမူဒ်ဝင်နေတယ်"

"ပြစ်မ်း. . . အချစ်ကဗျာလား"

"နိုင်ငံရေးကဗျာကွ. . ၊ နိုင်ငံအတွက်အရေးကြီးနေတဲ့အ



www.burmeseclassic.com

www.burmeseclassic.com


ချိန် အားအားယားယား မချစ်အားပါဘူးကွာ. . ."

ဟဲခနဲ မျက်နှာချိုသွေးရင်း. . .

"ငါကတော့ ချစ်အားတယ်သယ်ချင်း. . ၊အဲ့ဒီကိစ္စပဲ နေပူကြီးထဲ ငါလာခဲ့တာ. . ဟဲဟဲ. . . ဒီညနေပေးမှ ဖြစ်မယ်ကွ၊ ငါပေးစရာရှိတယ်လို့လည်း နှုတ်ကျွံခဲ့ပြီ. . ၊ သူလေးကလည်း ဘာလဲဟင်တဲ့. . ဟီးဟီး. . ရည်းစားစာတစ်စောင်လောက် အရေးပေါ်ရေးပေးပါ သယ်ချင်းရာ. . ၊ မင်းက ကဗျာဆရာပဲ. . အသည်းလေးဟတ်ထိအောင် ကူညီပါသယ်ချင်းရာ. . နော်. . နော်. . မင်းလိုချင်တာပြော၊ ငါ့မှာ အားကိုစရာ မင်းပဲရှိလို့ပါ ချစ်ဘော်ရာ. . "

လူနာအမဲခြောက်တောင်းသော သောက်ခွက်ဆိုတာ ဒါမျိုးပဲဖြစ်မည်။

"ဒီခေတ်ကြီးထဲကွာ ရည်းစားစာပေးရတယ်လို့. . . မင်းငတုံးပဲ၊ ပါးစပ်နဲ့ပြောရင်ပြော. . မပြောချင် ဖုန်းနဲ့ပြောပေါ့ကွ၊ chat ရင်းလည်း ပြောလို့ရတာပဲဥစ္စာ"

"သူက အရမ်းရှေးဆန်တဲ့ မြန်မာမလေးကွ၊ ဆံပင်အရှည်ကြီးနဲ့ ရင်ဖုံးအကျီနဲ့. . ၊ ဟမ်းဖုန်းတောင် ကိုင်တာ တစ်ခါမှ ငါမတွေ့ဖူးဘူး. . ၊ စာဖတ်ဝါသနာပါတယ်လို့တော့ ပြောဖူးတယ်၊ စာစုံဖတ်တယ်တဲ့. . ၊ သူ့ကိုပေးတဲ့ ရည်းစားစာလည်း ဖတ်ကိုဖတ်မှာပဲ. . ၊ လုပ်ပါသယ်ချင်းရာ နှုတ်တစ်ရာစာတစ်လုံးတဲ့ မင်းပဲပြောတာလေ"

ရေးမပေးလျှင် ဂျိကျတော့မည်။

"မင်းအရေးအသားကိုယုံလို့ ပုံအပ်တာပါ ချစ်ဘော်ရာ. . ကြူမော်လို ဗျိုင်းမလေးကိုတောင် သန်းရွှေလို ကျွဲမည်းကြီးရသွား


www.burmeseclassic.com

www.burmeseclassic.com



အောင် အကျိုးတော်ဆောင် မြှားနတ်မောင်လုပ်ပေးခဲ့တဲ့မင်းကို တို့တစ်မြို့လုံးက ဂီးနစ်မှတ်တမ်းဝင်အောင် ထောက်ခံနေကြပါတယ်ကွာ"

"ဟော့ကောင်ငနေ တော်လောက်ပြီ၊ ရပြီ. . ငါရေးပေးမယ် ညနေလာယူ"

သူ့ပါးကို ဘယ်ပြန်ညာပြန်နမ်းနေ၍ ဝက်သားပေါင်းအထုပ်ပင် မြက်ခင်းပေါ်ပြုတ်ကျခဲ့သည်။ တော်သေးရဲ့. . . ကြွပ်ကြွပ်အိတ်ကယ်ပေလို့။

ဗလာစာအုပ်အလယ်စာမျက်နှာကိုဆုတ်၍ နှစ်မျက်နှာနီးပါး အကောင်းဆုံးရေးပေးလိုက်ပါသည်။

"ဟော့ကောင် စာရေးစက္ကူအချောနဲ့ သေသေချာချာပြန်ကူးနော်" ဟု အသေအချာမှာလိုက်ပါသေးရဲ့နဲ့. . .။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပတ်အတွင်း စာကိုးစောင်တိတိရေးပေးပြီးသောအ
အဖြေရပြီသယ်ချင်းဟု ခုန်ပေါက်မြူးတူး၍ ဘီယာလိုက်တိုက်
သည်။ ဘီယာမူးလာသောအခါ သူကောင်မလေး သရဖီဆိုသူ
ဘယ်လောက်လှကြောင်း၊ ဘယ်လောက်မြန်မာဆန်ကြောင်းတွေ
ပါးစပ်ထောင့်နှစ်ဖက် အမြှုပ်ထွက်အောင် ပြောလေတော့သည
အပ်ကြောင်း ခဏခဏထပ်လာ၍ သူက စိတ်ချဉ်ပေါက်ပြီး. .

"မင်းလို ဆယ်တန်းတဖုန်းဖုန်းကျ. . မိဘလုပ်စာဖြုန်း.
လက်လျားလက်လျားကောင်ကို ဘာဖြစ်လို့ပြန်ကြိုက်တာလဲ မ
ဘူး"

"စာရေးကောင်းတယ်၊ လက်ရေးလက်သား သပ်ရပ်တ
တဲ့. . ၊ ဟဲဟဲ. . သူမှာ လက်ရေးအဘိဓာန်ကျမ်းရှိတယ်တဲ့. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!. . ဒါဆို မင်းငါ့စာတွေကို. . ."

"အေးလေ. . ဒီအတိုင်းပဲ ပေးလိုက်တာပေါ့သယ်ရင်းရာ၊ ငါ့လက်ရေးက မင်းသိတဲ့အတိုင်း ကြောင်ခြေးကုတ်ကို"

သူကိုယ်ပိုင်နဖူးကို သူကိုယ်ပိုင်လက်ဝါးနှင့် ဖျန်းခနဲ ရိုက်လိုက်မိသည်။

၄ ၄ ၄ ၄

www.burmeseclassic.com

www.burmeseclassic.com



ရေနီလင်းအောင်က. . အရပ်မြင့်သည်၊ ယောက်ျားပီသသော အဆစ်အပေါက်ရှိသည်၊ အသားအရောင်ဝင်းသည်၊ လေးထောင့်စပ်စပ်မျက်နှာတွင် ထင်းခနဲရှိသည်က. . မျက်ခုံးနှင့်ပါးရိုးအထိကျနေသော နားသယ်မွေးများ. . (ရိတ်သိမ်းခြင်းမပြုဘဲ ဘေးကခြစ်၍ ပုံဖော်ထားသည်။)

သွားတွေက ရယ်လိုက်လျှင် အကုန်ပေါ်သည်။ ကွမ်းမစားပါက ဖွေးလက်နေတတ်သည်။ ရက်ဆက်ကွမ်းစားပါက ရဲပဒေါင်းခတ်နေလေ၏။ ဆံပင်ကို အညှိဖျော့ရှိတ်လိုက်ထားသည်။ မိန်းမခေါ်ကြီးကြီးတွေကျသော ရုပ်အင်္ဂါဖြစ်သည်။ ကျလည်းကျသည်။

ရည်းစားယယ်လှလှ ဟန်ကျပန်ကျမထားဖူးသော်လည်း မိန်းမအတွေ့အကြုံ ရင့်ကျက်သူဖြစ်သည်။ တစ်ခုလပ်တစ်လင်ကွာ



www.burmeseclassic.com

www.burmeseclassic.com


တွေနှင့် ပရောပရီနေထိုင်တတ်သည်။ ညအမှောင်လရောင်မရှိသော ညဥ့်များ၌ ဇယားကွက်အရွှေ့ကျွမ်းသည်။

မိဘက မြို့မျက်နှာဖုံး သူဌေးစာရင်းဝင်သည်။ စီးပွားရေး လုပ်ငန်း အကုန်လုပ်သည်။ ငါးရှဥ့်၊ ပုရစ်၊ ဗီလာ၊ ကအစ နိုင်ငံခြား ပို့သည်။ သူကိုယ်တိုင်ကလည်း ဘောလုံးဒိုင်၊ ခွဲဒိုင်လုပ်သည်။

ကဲ. . . ဘာလိုသေးလဲ ဘက်ကင်အပြည့်။

သို့သော် မကြာခဏ. . .

ခွက်ခွက်လန်ရှုံး၍ အကြွေးတွေပတ်လည်ဝိုင်းနေတတ်သည်။ ထိုအခါ မေမေ့ဆီက ပိုက်ဆံချေး၍ ဟိုဒီပတ်ပြေးနေတတ်သည်။ ခုတလော သည်ကောင် စုတ်ရောလာဘ်ပါ ဝင်နေပုံရသည်။

သူကောင်မလေးက သူတို့ရပ်ကွက်ထဲ မနှစ်ကပြောင်းလာသည်တဲ့။ စတိုးဆိုင်ဖွင့်ထားသော လူလတ်တန်းစားသာဖြစ်သည်တဲ့။ သူ့လိုပင် ဆယ်တန်းသုံးခါကျ ဘဝတူဖြစ်သည်တဲ့။ တည်ငြိမ်သည်နှင့်အမျှ မြန်မာဆန်လွန်း၍ ဘယ်သူမှမလိုက်ရဲ။ သူက စော်ကဲမင်းဖြစ်ခြင်းဖြစ်သည်တဲ့။ ဟမ်းဆက်နှင့် သူရိုက်လာသော ကောင်တာပေါ် ထိုင်နေသည့်ဓာတ်ပုံ ပြသည်။

"ဘယ်လိုလဲ ချစ်ဘော်. . လှရဲ့လား"

"မဆိုးပါဘူး"

"မင်းကလည်းကွာ. . အပြင်မှာ ဒီထက်လှတယ်ကွ၊ မှတ်ချက်တစ်ခုခုတော့ပေးကွာ. .၊ မဆိုးပါဘူးကွာဆိုတာကြီးက အလယ်အလတ်ကြီး. . ."

"အေး. . ဒါဆိုရင် ရွှက်ကြမ်းရေချိုမှာ. . ရေချိုဘက်များ


www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ. . . ကျေနပ်လား”

“အေး. . အဲလောက်ဆို ကျေနပ်တယ်၊ နောက်အပတ် ငါနဲ့ ကန်သာယာမှာ ချိန်းထားတယ်. . မင်းပါလိုက်ခဲ့ပါကွာ. . နော်. . ချစ်ဘော်. . နော်”

သူ ဘာရယ်မဟုတ် ပြီးပြီးရော ခေါင်းညိတ်လိုက်မိသည်။ ဟုတ်ကဲ့. . . ခေါင်းညိတ်မိလိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါအားလုံး
အိပ်, စား, ကာမ
ဤသုံးဝသာ...၊
အဟိသ်တိရစ္ဆာန်က
မိတ်နှံကိုနမ်းကြည့်၏...၊
ဒွိဟိသ် လူသားက
မိတ်နှံကို
(ဟဲ...ဖဲ...)
ရှုကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

ကန်သာယာဝင်ပေါက်က နှစ်ပေါက်ရှိသည်။ မင်းလမ်းဘက်က ပင်မဝင်ပေါက်ဖြစ်ပြီး၊ ရှမ်းစုဘက်မှဝင်ပေါက်က ဖြတ်လမ်းဝင်ပေါက်ဖြစ်သည်။ ပင်မဝင်ပေါက်က လူသူလေးပါးမြင်နိုင်သည်။ ရှမ်းစုဝင်ပေါက်က ဒိုင်သျှိုဝင်ပေါက်ဖြစ်သည်။ ထန်းရည်ဆိုင်သို့လည်း တန်းရောက်သည်။

ထန်းရည်ဆိုင်ဘက်မသွားဘဲ ဘယ်ဘက်သို့ကွေ့တက်လိုက်

www.burmeseclassic.com



လျှင် ကန်ပေါင်နှင့်လယ်ဗယ်မြေဂမူပေါ်တွင် ရောမဗျောင်ပင်ကြီး ရှိသည်။ ထိုနေရာသည် အတွဲများ၏ ဘူမိနက်သန်နေရာဖြစ်သည်။ ဗျောင်မြစ်ပျဉ်းတွေက ထိုင်ရုံနှင့် လုံခြုံမှုကိုပေးလေသည်။

ဗျောင်ပင်အခြေတွင်လည်း သစ်သားခုံတန်းလေးများ အဆင်ပြေသလို စီရရီရှိနေသည်။ ကန်ပေါင်ပေါ်တွင်လည်း ပေလေးငါးဆယ်ခြား၍ ထန်းပင်တွေရှိသည်။ ထန်းပင်ရင်းတွင်လည်း ရေပြင်နှင့် မဟာဝိဇယဘုရား ရှုခင်းကို ငေးမောအပန်းဖြေရန် ခုံတန်းလေးတွေ စီတန်းနေလေသည်။ နေဝင်ချိန်ဆိုလျှင် ပန်းချီကား တစ်ချပ်လို လှပနေတတ်၏။

မင်းလမ်းနှင့် ကန်ထိပ်ရှိ ပွိုင့်စားသောက်ဆိုင်တွင် မနက်စာ တစ်ဝတပြစားသောက်ပြီး ဆယ်နာရီထိုးရန် နာရီဝက်အလို၌ ရှမ်းစု ဘက်မှ ပတ်ဝင်ခဲ့ကြသည်။ နေလင်းအောင် အကြံသမားက ကွမ်းယာပင်မစား။ သွားတွေဖွေးလက်နေအောင် တိုက်ထားသည်။ ရေမွှေးလား ဂျိုင်းလိမ်းဆေးလားမသိ အနံ့ကောင်းကောင်းက ထောင်းထောင်းထနေသည်။ ဆိုင်ကယ်မောင်းရင်း. . .

"ချစ်ဘော်. . . ငါ့ရင်ဘတ်ကို ဖက်ထားကြည့်စမ်း၊ မင်း. . ငါ့ရင်ခုန်သံကို ကြားရစေ့မယ်၊ လုပ်ပါ. . ဖက်ကြည့်ပါ"

"မင်းရင်ခုန်သံကို ငါက ဘာလုပ်ရမှာလဲကွ. . ၊ မင်းကိုယ်ကထွက်နေတဲ့ အမွှေးတိုင်နံ့နဲ့ ငါ ဒီမှာခေါင်းမူးနေပြီ. . "

"နေဗီယာဖော်မင်းကွ. . သုံးထောင့်ငါးရာတန်၊ မင်းမကြိုက် ပေမယ့် အသည်းလေးကြိုက်ဖို့ အရေးကြီးတာ. . . ဟဲဟဲ၊ ရင်ခွင်ထဲ ထည့်ညှစ်ထားရင် သူ ဒီအနံ့နဲ့ စိတ်ကြွလာမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ချင်းမေတ္တာတရားကို ဦးထိပ်ထားပါ ငနောရာ. . ."

"အေးပါကွာ. . ချစ်တာကချစ်တာပါ၊ ဒါပေမယ့် နောက်ဆုံးကျတော့. . ဂိတ်ဆုံးထိအောင် သွားကြတာချည်းပါပဲ. . ငှဲငှဲငှဲ"

နောက်လှည့်ပြောနေ၍ ဆိုင်ကယ်က လှည်းလမ်းကြောင်းသဲထဲ လျှောခနဲကျသွားသေးသည်။ မလဲအောင် မနည်းပြန်တက်ရသေး၏။ ဟူး. .။

ညောင်ပင်အောက် ဒေါက်ထောက်၍ ဆင်းလိုက်ကြသည်။

သူ့လက်ထဲကဖိုင်ကို ခုမှသတိပြုမိပုံရသော နေလင်းအောင်က. . .

"အဲဒါကဘာလဲ ချစ်ဘော်"

"အလကားနေ အလကား. . အချိန်ကို အသုံးချတဲ့အနေနဲ့ ကန်သာယာနဲ့ ဘုရားနောက်ခံကို. . ရေဆေးရေးဖို့ ခဲကောက်မယ်လေ. ."

"ညောင်ပင်အောက်က ငါ့အသည်းလေးပုံပါ အမှတ်တရ ဆွဲရေးပေးကွာ. . ."

"အခြေအနေအရပေါ့ကွာ. . နှံကောင်လောက်ပဲ ပါချင်ပါမှာ. ."

"ပါရင်ပြီးရောကွာ၊ အဲ. . ငါတို့က. . ဟိုးမြစ်ဖျား အကွယ်က ခုံတန်းလျှားမှာထိုင်မှာဆိုတော့"

"မင်းတို့ကြိုက်တဲ့နေရာထိုင်ကွာ. . ငါဟာငါ ဈာန်ဝင်သလိုဆွဲမယ်၊ နေပါဦး. . မင်းကောင်မလေးက ဘယ်ကနေလာမှာလဲ"

"မင်းလမ်းဘက်ကပဲ ဝင်မှာပေါ့၊ ဒီလမ်းရှိတာ သိမှာမှုမှတ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကန်ပေါင်အတိုင်း လာမယ်ထင်တယ်. . ၊ နေပါဦး. . လာရင် ငါ ဘာစကားစပြောရင်ကောင်းမလဲဟင်. . ."

ဂဏာမငြိမ်သောစိတ်ကြောင့် ဟိုလျှောက်သည်လျှောက် ခေါက်တုန့်လူးလာရင်း မေးခြင်းဖြစ်သည်။

"ကြုံသလိုပြောပေါ့ကွာ. . . မနက်စာဘာစားခဲ့လဲ၊ ငရုပ်သီး ပါသလား. . . စပ်သလား. . . ဘာညာပေါ့. . ၊ မင်းကွာ. . . အဲ့ဒီကအစ လိုက်သင်နေရမလားကွာ. . ."

"ငါ ရင်တွေခုန်နေလို့ပါကွာ. . ."

"မမကြွေကြီးနဲ့ဆိုရင် မင်းဘာစပြောလဲ. . ."

"ဘာစကားမှကို ပြောမနေဘူး. . . ကြာလွန်းလို့"

ပြောရင်းကပင် နာရီတကြည့်ကြည့်နှင့် လမ်းမဘက်လှမ်း မျှော်နေပြန်သည်။ သူကတော့ နေခြည်ဆမ်း၍ လန်းဆန်းဝင်းပြက် နေသောရေကန်နှင့် ဟိုးက စိမ်းညို့ညို့သစ်ရိပ်နောက်ခံပေါ်မှ ရွှေ ရောင်ဝင်းလက်နေသော မဟာဝိဇယစေတီတော်ကြီးဆီ အာရုံကျ လာသည်။

ဖိုင်ထဲကစာရွက်တစ်ရွက်ကို ဆွဲထုတ်၍ နေရာရွေးသည်။ ခုံတန်းနှစ်ခုမှ ရှုထောင့်ရှာကြည့်သည်။ သိပ်မြင်ကွင်းမလှ၍ ကန်ရေ စပ်ဘက်ဆင်းခဲ့သည်။ စိတ်ကြိုက်မြင်ကွင်းကိုရသောအခါ ကန်ပေါင် ဆင်ခြေလျှောမြေကြီးပေါ်တွင် ထိုင်ချလိုက်သည်။ စာရွက်ကို ဖိုင် အမာပေါ်တင်၍ HB ခဲတံနှင့် ပုံကြမ်းကောက်နေမိတော့သည်။

နေလင်းအောင်ရှိရာ ညောင်ပင်နှင့် ကိုက်ငါးဆယ်ခန့် အ ကွာဖြစ်၍ ညောင်ပင်ကိုဖြတ်တိုက်နေသော နံနက်လေပြည်မှအပ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီကို ဘယ်လိုမှအာရုံမရောက်နိုင်တော့ပေ။

ဆိုင်ကယ်စက်သံကြား၍ လည်စောင်းကြည့်လိုက်သော အခါ ဆံပင်တိုတိုနှင့်ကောင်မလေးတစ်ယောက်က ဆိုင်ကယ်မောင်း လာသည်။ ဆံပင်ရှည်ရှည်တစ်ယောက်က နေလင်းအောင်ရှိရာ ညောင်ပင်အောက်ကခုံတန်းဆီ လှမ်းသွားနေသည်။

ဆံပင်အတိုလေးက ဆိုင်ကယ်ဒေါက်ထောက်ပြီး ထန်းပင် အောက်က ခုံတန်းမှာဝင်ထိုင်သည်။ သူက မသိကျိုးကျွံပြု၍ ဘုရား နောက်ခံတိမ်တိုက်ဆီ အာရုံကိုလွှင့်တင်လိုက်သည်။

တိမ်တောင်ကြီးက အရမ်းလှနေသည်။ အမိအရလိုက်ဖမ်း ၍ စာရွက်ပေါ်တင်နေမိသည်။ တိမ်တောင်ကြီး ပီပြင်သွားသောအ ခါ အနီးကပ်ပါဝင်နေသော ထန်းပင်တစ်ပိုင်းတစ်စကို အသေးစိပ် ပုံဖော်နေမိသည်။

မသိမသာလှည့်ကြည့်လိုက်မိပြန်သည်။ နေလင်းအောင်တို့ အတွဲက ခေါင်းချင်းဆိုင်နေသည်။ ထိုအတွဲကို ကျောပေးထိုင်နေ သော ဆံတိုမလေးက စာအုပ်တစ်အုပ်ဖွင့်ဖတ်ရင်း နေကြာစေ့လား ဇီးပေါင်းလားမသိ နှိုက်စားနေသည်။ သူ့ဆီကနေ ဇီးပေါင်းကောင်မ လေးကို အရှေ့တည့်တည့်မကျ. . ဘေးတိုက်လည်းမက လှမ်းမြင် နေရသည်။

ကောင်မလေးကလည်း သူ့ငဲ့ကြည့်လိုက်မှ တမင်ပင် ဖိုး ဘက်လှည့်သွားသည်။ ရွှေအိုရောင်ဆံပင်လေးတွေ ဝဲခနဲဝေ့သွား သည်ကို လှမ်းမြင်လိုက်ရသည်လေ။

သိသည်ပေါ့. . ဇီးပေါင်း ကောင်မလေးလည်း ကြည့်စရာမ



www.burmeseclassic.com

www.burmeseclassic.com



ရှိ၍ သူ့ကိုပဲ လှမ်းကြည့်နေခဲ့လိမ့်မည် ဆိုတာကို. . ။ အဝါနုနု ပေါင်လယ်စကပ်အကျီနှင့် အနက်ရောင်အသားကပ်ဂျင်းဘောင်းဘီ ဝတ်ထားသည်ဆိုတာလောက်ပဲ လှမ်းမြင်ရသည်။ ကိုက်ငါးဆယ်ခန့်မို့ မျက်နှာအနေအထားကို ဘယ်လိုမှမှန်းဆ၍မရ။ အသားရောင်ကတော့ ဝင်းလက်နေသည်။

အင်း. . . ပြွတ်ခဲတွဲသီးနေသော ထန်းသီးခိုင်ဆီ အာရုံပြန်ပို့လိုက်သည်။

HB ခဲတံကို ဘုတ်တွင်ချွန်မြ၍ ထန်းလေးတွေကို ဝန်း၍ ဝိုင်း၍ကောင်းနေဆဲမှာပင် ငြိမ်သက်နေသော ရေပြင်ကို ရိုက်ခတ်လာသည်က. . .

*"အို!. . ဒေဝစ္စရာ. . . ဆွေနတ်ကညာ လှတကာတို့. . . ပေါင်းကာစုဝေး. . . ရေး. . . ပေး. . . လှဟန်ရေး. . ပေး. . . လှသွေးကြွယ်ကာ. . . ♪♫*

*အဆင်းသဏ္ဌာန်မူယာ. . မြရောင်စိန်ရောင်လင်း. . ဟင်း. . ဟင်း. . . ကိုယ်ဟန်ကြော့ရှင်းခါ. . . ♪♫*

*အို!. . . ဒေဝစ္စရာ. . . ♪♫"*

ရွှေမန်းဆန်းဝင်း၏ မင်းသားအာလုပ်သံကြီးကို အပီအပြင် တုပအော်ဆိုလိုက်သောသီချင်းသံ. . . ။

သူ တန်းသိသည်။ 'ကိုနာတလူး' မူးတိုင်းဆိုနေကျသီချင်း။ သူ အသံလာရာစောင်းငဲ့ကြည့်လိုက်သည်။

မှန်၏။ ကန်ပေါင်ပေါ်တွင် ကွေးနေအောင် ကလေးသော ကိုနာတလူးနှင့်. . . ဟမလေး!. . . သူနောက်က ပါလာပ်ဆိုင်းတီး



www.burmeseclassic.com

www.burmeseclassic.com


ရင်း လက်ခုပ်တီးလာသူများ. . ။ သူ့ကို ငယ်နိုင်လိုဖြစ်နေသော ကိုဂြိုလ်တုနှင့် ဂါဂဲအောင်မြင့်ကြီး။ အလို. . နောက်ဆုံးက ကိုဝေလင်းသူက ပုဆိုးကွင်းသိုင်း အောက်ခံဘောင်းဘီက ဆပ်စပင်ဒါ လက်တစ်ဝါးစာ. . . ။

သူတို့လားရာတည့်တည့်၌ရှိနေသော ဇီးပေါင်းထုပ်ကလေး ကြောက်လန့်တကြား နောက်ကိုလှည့်ရှာဖွေသည်။ နေလင်းအောင်နှင့်သရဖီက ဘယ်ရောက်နေသည်မသိ။

ယိုင်ထိုးကခုန်နေသူများက သူ့မဆီ ဦးတည်လာနေသည်။

သူ့ကိုလှမ်းကြည့်သည်။ သူ့ကိုယ်တိုင်က ကူညီဖို့နေနေသာ သာ ထန်းရည်သမားအုပ်စု သူ့ကိုမြင်သွားမှာပင် စိုးနေရသူ။ ကျော ပေး. . . ခဲပန်းချီထဲ အာရုံအတင်းသွင်းဟန်လုပ်၍ ဘုရားတနေရသော အခါသမယ. . . ။ မြန်မြန်ကျော်သွားပါစေဟု ဆုတောင်းနေရသော ကာလ။ ဒဂါတော်ဖြစ်ပုံရသော ဝေလင်းသူက. . .

"သီချင်းပြောင်းကွာ. . ၊ တစ်ခါလာလည်း ဒေဝဠ္ဌရာ. . . နှစ်ခါလာလည်း ဒေဝဠ္ဌရာ. . ၊ ဂါဂဲကြီး. . ရောဂါဆိုဗျာ ခင်ဗျားရတယ်. . ."

"ဟုတ်တယ်. . . ဂါဂဲ မင်းရတယ်. . . ဆို. . ."

ဝိုင်းအားပေးသည်။ မုတ်ဆိတ်ဖြူကြီးနှင့် ဂါဂဲက. . .

"♪♫ ကျတတ်လွန်းတဲ့စိတ်ကတ်. . ဒန့်ဒန့်. . မြေလွှာကိုဖောက်ထွင်းပြီး. . ဒန့်ဒန့်. . အဝီစိထိကျင့်ကြံလေသောအခါ. . .

ရောဂါ. . . ရောဂါ. . . ရောဂါ. . . ♪♫

မိန်းမ. . မိန်းမ. . မိန်းမ. . ဂါထာလိုရွတ်ရင်း. . . မင်း


www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သွားတာ လေးငါးခြောက်နှစ်ကြာ. . . ♪♫
♪♫ ရောဂါ. . . ရောဂါ. . . ရောဂါ. . .”

ဘယ်ကဘယ်လို ပေါင်းစည်းလာမှန်းမသိသော မင်းလေးပါး၏ ခေါ်ထူးအူမြူးနေသော အသံတွေ လဂွဲသံတွေ နီးကပ်လာသည်။

ဂျွတ်ခနဲ အသံကြား၍ သူမသိမသာ ငုံ့စောင်းကြည့်လိုက်သောအခါ မျက်စိထောင့်မှနေ၍ သူ့နောက်ဘက်ယွန်းယွန်း၌ လာရပ်နေသော ခြေသလုံးဖွေးဖွေး သရီးကွာတားဘောင်းဘီအနက်ကလေးနှင့် ဂါဝန်အဝါအောက်နားစလေးကို မြင်လိုက်ရသည်။

ရောဂါတွေ ဖြတ်သန်းသွားကြသည်။

ခဏအကြာ. . . ရောဂါဖြတ်သန်းမှု အဝေးရောက်သွားသည်။ ခြေသံကြား၍လှည့်ကြည့်လိုက်သောအခါ ဘောက်ဆတ်ဘောက်ဆတ်နှင့် ကန်ပေါင်ပေါ်ပြန်တက်သွားသော ဖီးပေါင်းထုပ်လေးနောက်ကျောကို လှမ်းမြင်ရသည်။

မင်းလေးပါးကား. . . ကန်သာယာအဝင်ပေါက်မှ ပျောက်ကွယ်သွားကြလေပြီ။ အေးဘီကို ဂရုမပြုမိအောင် မူးရူးနေတာကိုပင် ကျေးဇူးတင်ရပေတော့မည်။

သို့သော်. . . သူ့စိတ်ထဲ ခိုးလိုးခုခုဖြစ်နေခဲ့သည်။ အားကိုးတကြီး သူ့အနားလာကပ်နေသော ခြေသလုံး. . . အဲ. . . ကောင်မလေးကို ဘာတစ်ခုမှ သူလုပ်မပေးလိုက်ခြင်းသည်. . . ခိုးလိုးခုလု ဖြစ်ရခြင်း၏ အကြောင်းများပေလား။

သူ ခဲကောက်နေသော ထန်းသီးနောက်တစ်ခိုင် သိပ်မလုံး


www.burmeseclassic.com

www.burmeseclassic.com


တော့ချေ။

မကြာခင် ဆိုင်ကယ်လေးပြန်ထွက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

အဝေးထိုးမျက်စောင်းနှင့်. . .


www.burmeseclassic.com

www.burmeseclassic.com



- ခမ်းနားတဲ့ကျောက်စာတိုင်း
  အနာ မကောင်းဘူး...တဲ့...။
- ခမ်းနားတဲ့နှလုံးသားတိုင်း
  ဝေဒနာ မကောင်းဘူး...တဲ့...။
- ဝေဒနာမကောင်းသူတိုင်း
  ဒဏ်ရာ မကောင်းဘူး...တဲ့...။
  သူက ပြောတယ်။

စကားတုန့်သွားဖို့ရတဲ့
သူ့ကို...
ဒါဆိုတဲ့ ဝေမျှသရာဝ
ပေးချင်လို့ ဆက်ပြောလိုက်တယ်။

- ဒဏ်ရာဆိုတာတော့
  သူ့ရဲ့ကောင်းတွေရဲ့
  ခမ်းနားတဲ့ အမှတ်တံဆိပ်ပဲ လို့...။ ။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ခဝယ်တန်းကျူရှင်တက်တုန်းက ကောင်မလေးတစ်ယောက်နှင့် အီတီတီဖြစ်ဖူးသည်မှလွဲ၍ သူလည်း ရည်းစားတစ်ခါမှ ထားဖူးသူ မဟုတ်ပေ။ အဝေးသင်တတိယနှစ် တက်နေသော်လည်း မိန်းခလေးအပေါင်းအသင်း မရှိသလောက်နည်းသမို့ ရည်းစားသနာ တို့စ သိပ်စိတ်မဝင်စားခဲ့။ ပန်းချီ စာ၊ ကဗျာနှင့် နိုင်ငံရေးသာ လုံးပမ်းရင်း အချိန်ကုန်လာသူဖြစ်၏။

www.burmeseclassic.com



"သူညီမ၀မ်းကွဲတဲ့ကွ. . ရန်ကုန်ကတဲ့၊ ဒီမှာပျော်ရင်ပျော်သလောက်နေမှာတဲ့. . တော်တော်ချောတဲ့ကောင်မလေးကွ. . မင်းလိုက်ပါလား ချစ်ဘော်. . ၊ မင်းနဲ့ဆို အရမ်းအတွဲညီမှာပဲ"

"ငါ. . မျက်နှာတောင် သေချာမမြင်လိုက်ရပါဘူးကွာ. . ၊ အချစ်ဆိုတာ လုပ်ယူလို့ရတာမျိုးမှတ်ဘူးကွ. . ၊ သူ့ဟာသူ ရင်ထဲက အလိုလိုဖြစ်လာတာမျိုး. ."

"မင်းကလည်းကွာ နေတာထိုင်တာ ၀တ်တာစားတာ မော်ဒန်၊ ရေးတဲ့ကဗျာက မော်ဒန်၊ အချစ်ရေးကျတော့ မင်းအတွေးက ကလီရှေးပဲ. . ၊ ဘိုးတော်ဘုရား လေးဘက်ပြေးတုန်းက အတွေးပဲရှိသေးတယ်. . ၊ လှရင်ချစ်လိုက်ပေါ့. . ပစ်ကြည့်ပေါ့. . ထိရင်စားမှာပေါ့. . အင်တာနက်ခေတ်ကွ. . ."

ရေးလက်စ စုတ်တံကို ရေစိမ်ခွက်ထဲနှစ်၍ခါသည်။ အသာအယာခွက်ထဲထောင်လိုက်သည်။ ခေါင်းရမ်းရင်း. . .

"မင်းက အချစ်နဲ့လိင်ကို တစ်ထပ်တည်းမြင်ထားတဲ့ကောင်ငနေ၊ ချစ်ခြင်းမေတ္တာတရားဆိုတာ အင်မတန်နူးညံ့သိမ်မွေ့တယ် လိင်ဆက်ဆံတဲ့အရသာထက် အပုံကြီး နှစ်သိမ့်ကြည်နူးဖို့ကောင်းတယ် ချမ်းမြေ့အေးချမ်းတယ်. . ၊ လိင်ဆက်ဆံတဲ့ အရသာက နာရီ၀က်တစ်နာရီပေါ့ကွာ. . ဒါပဲခံတာပါ. . ချစ်ခြင်းမေတ္တာတရားက ဘ၀တစ်သက်ခံတာကွ. . ၊ တကယ်တန်း ချစ်လာရင်ပြောတာပါ"

"မင်းကငါ့ကို အလုံးကြီးပစ်သွင်းတာပဲ. . ၊ ငါကတော့ မင်းလောက်ကဗျာမဆန်ဘူး ကိုယ့်လူရေ လက်တွေ့ကျကျပဲ. . ဗွဲဗွဲ. . အချစ်လို့ တံဆိပ်လှလှကပ်ထားတဲ့ သဘာ၀ကျကျ လိင်ဆက်ဆံရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ရွေးချယ်တယ်"

သည်လိုကောင်တွေက များပါသည်။ သူ ငြင်းခုန်မနေချင်တော့ပါ။ သူတို့ကို 'ပလေတိုးနစ်လပ်ဗ်'ဆိုတာမျိုး ရှင်းပြနေလည်း အာပေါက်ရုံ အာခြောက်ရုံသာရှိပေတော့မည်။

"ငါမေးဦးမယ် ငနေ. .၊ ဟိုနေ့က ထန်းရည်မူးသမားတွေ ဆိုကပြီး ဆူညံလာတော့ မင်းတို့အတွဲ ဘယ်ရောက်နေလဲ"

"မြစ်ပျဉ်းကြားက ခုံတန်းကိုရောက်နေကြတယ်လေ၊ အဲ့ဒီနေရာသွားထိုင်ဖို့ မနည်းစည်းရုံးရတယ်ကွာ၊ ယက်ကန်ယက်ကန်နဲ့လိုက်လာပြီး ဟိုရောက်တော့လည်း ပါးကလေးနမ်းဖို့ကို အတင်းကြိုးစားရတယ်. . နှုတ်ခမ်းအားပွားဆိုဝေးရော. .၊

အေးပေါ့ကွာ. . . ဒီတစ်ခါတော့ တွေ့ကြသေးတာပေါ့။ အေးကွ. . မြန်မာဆန်လွန်းတာ သိပ်တော့မနိုပ်ဘူး၊ အင်္ဂလိပ်ကားမကြည့်ဖူးဘူးလားလို့ ငါမေးတော့. . ညစ်ပတ်တာတွေပါလို့ မကြည့်ဘူးတဲ့. . ."

သူက ရယ်ကြဲကြဲလုပ်ရင်း. . အပြာရောင်ဆေးဗူးကို အဖုံးပိတ်လိုက်သည်။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်တွင် ချိန်းဆိုရာညောင်ပင်ရိပ်သို့. . . တစ်လမ်းစီမှ ဖြိုင်တူလိုပင် ဆိုင်ကယ်တွေ ထိုးဆိုက်မိလျက်သား ဖြစ်နေသည်။

ဆိုင်ကယ်ရပ်ရပ်ချင်းပင် သူမ တအံ့တဩဖြစ်သွားသော မျက်နှာထားကို သူသတိပြုမိသည်။ ဖြစ်နိုင်ချေကို သူအမြန် စဉ်းစားလိုက်မိသည်။

ဟိုတစ်နေ့က သူ့ကို သူ့အစ်မရည်းစား နေလင်းအောင်၏ ဘော်ဒါမှန်းမသိဘဲ. . ခုမှသိ၍ အံ့ဩသွားခြင်းဖြစ်နိုင်သည်။

အေးလေ. . ထိုနေ့က အတူတူဝင်လာတာလည်းမတွေ့ ပြန်တာလည်းမတွေ့။ သူ့ကို ကန်စောင်း၌ ပန်းချီဆွဲနေသူဟူ၍သာ ထင်မြင်သွားပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အမူးသမားတွေလာလို့ အားကိုးတကြီး အနီးလာကပ်ခဲ့သော်လည်း. . ကူညီလိုသော အမူအယာမပြသည့်အပြင် အဖက်တောင်မလုပ်ခဲ့သူကို ခြေဆောင့်ပေမည်။ ဒီလူက အခု. . သည်အဝန်းအဝိုင်းထဲကလူ ဖြစ်နေသဖြင့် အံ့ဩခြင်းနှင့်အတူ ဒေါပင်ကန်နိုင်လေသည်။

သူက နေလင်းအောင်တို့ အလိုက်တသိ မိတ်ဆက်ပေးပါက တောင်းပန်ရန် စကားလုံးစီနေမိသည်။ ဖြစ်ချင်တော့ ကိုယ်တော်ချောက ဘာလူမှုရေးမှ ဂရုမစိုက်အား. . သူ့ကောင်မလေး အပြင်ခုံတန်းသို့ ခြေဟန်ပြင်နေ၍ ညောင်ပျဉ်းကြားခုံသို့ အတင်းဆွဲခေါ်ရင်း. . သူတို့နှစ်ယောက်သားကို ဒီအတိုင်းကြီးထားသွားလေတော့သည်။

(ကဲ!. . ခင်ဗျားရော. . . ဘာလုပ်မလဲ)

အလွယ်ကူဆုံးကို သူရွေးချယ်လိုက်သည်။

အဟီး. . . ဟု သူသွားဖြီးပြလိုက်မိသည်။

ဝဲခနဲ ဆံပင်ဝါလေးများနှင့်အတူ ဘယ်လိုမှမနေတတ်သောမျက်နှာအမူအယာနှင့် ဝေ့ဝေ့ဝိုက်ဝိုက်ကြည့်ကာ ချာခနဲ မျက်နှာပြန်လှည့်ပြီး ဟိုနေ့ကခုံတန်းဆီ ထွက်ခွာသွားလေသည်။

ဟွိုး. . ရင်ခေါင်းထဲက ခပ်တိုးတိုးအသံ ရုတ်တရက်ထွက်လာ၏။ (အလိုလိုထွက်လာခြင်း ဖြစ်တော့သည်။)

"အို!. . . လှလိုက်တာ. . ."

ဟလို!. . . ဘာသံပါလိမ့်. . . တဒိန်းဒိန်းနဲ့. . .

မွှေးရနံ့တစ်မျိုးကလည်း ဝန်းကျင်တခို ရှေ့ပြကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပန်းမာလ်ရေကန်တွေဆီ မရောက်ခင် ထိုရနံ့ကို သူချည်းလောဘတကြီး ရှိုက်နမ်းမိလျက်သားဖြစ်ရသည်။

သေချာသပေ့ါ. . ခုနက တဒိန်းဒိန်းသံ. . သူ့ရင်ခုန်သံ. . ရင်ပွင့်အာသံ၊ ပန်းတွေအားလုံး တပြိုင်နက်ပွင့်ရန် အချက်ပေးသံ။

ဝေ့ဝေ့ဝိုက်ဝိုက်ကြည့်ခဲ့သော အကြည်တစ်ချက်သည်လည်း သူ့ကို ကန်ပေါင်ပေါ် တံစို့နှင့်ထိုးစိုက်ခဲ့သလို မတ်တပ်ကြီး pause နှင့် ရပ်ကျန်ခဲ့စေတော့သည်။

တော်သေး၏. . . သူ့ရင်ခုန်သံက သူအသက်ရှိနေသေးကြောင်း ထင်ရှားနေစေသဖြင့်. . . တော်သေး၏။

ဟူး. . . အဆုပ်ထဲအောင့်ထားမိသော သူမကိုယ်သင်းနံ့တို့ သူ့ဟာသူတိုးထွက်သွားမှ. . ငါဘာလုပ်ရမလဲ ဟူသောမေးခွန်း ကိုယ့်ဟာကိုယ်ပြန်မေးရန် သတိရတော့သည်။ သူမနားလည်း သွားမထိုင်ရဲ. . .။

သူမလှည့်ကြည့်လျှင် ထပ်ပြုံးပြ၍ အရဲကိုးကာ ချဉ်းကပ်မည်။ သို့သော် သူမက နေကြာစေ့ထုပ် ဖောက်နေသည်။ လက်ထဲလည်း ဝိဇ္ဇာကာတွန်းစာအုပ်နှင့်. . သူ့ကို ဖုတ်လေသည့်ငပိ ငံသလား နံသလားတောင် မြည်းမကြည့်. . ။

အေးလေ. . ကိုယ်လည်း ယောကျ်ားကောင်းတစ်ယောက်ပဲ၊ ယောကျ်ားကောင်း မောင်းမတစ်ထောင်ပဲ. . . နေပလေ့စေ။ မိန်းမလှလှမြင်တိုင်း ငတ်ကြီးကျတဲ့ကောင်မှ မဟုတ်တာ. . နေ။

ဆိုင်ကယ်ခြင်းထဲက ခရမ်းပြာထက်လူရဲ့ ကဗျာစာအုပ်ယူသည်။ မနေ့တစ်နေ့ကနေရာကို ဆင်းလာ၍ အရှင်အတိုင်းထိုင်ချ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကဗျာစာအုပ်ကို ဟိုလှန်ဒီလှန်လုပ်နေလိုက်သည်။ သူမကို လည်စောင်း၍ မသိမသာကြည့်လိုက်မိသေးသည်။ ဟိုဘက်တမင် လှည့်သွားသည်။

ထိန်လင်းဆီ အာရုံပို့သည်။ လာပြီ. . .။

ဟင်းချက်နည်းအမျိုးမျိုးကို မင်းတို့အသည်းအသန် တွေး ခေါ်နေချိန်မှာ. . . သူပုန်ထနည်းအမျိုးမျိုးကို အကြိတ်အနယ် ငါ စဉ်းစားနေခဲ့တယ်. . .

နေမဝင်အင်ပါယာကြီးက. . . ညည ငါ့အဘိုးဗိုလ်လရောင် ရဲ့ရှေ့ဖြတ်ပြီး. . . ငါ့ရှေ့မှောက် ဒရွတ်ဆွဲခေါ်လာနေခဲ့တယ်. . .

. . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . .

ရိုးသားမှုဆိုတာ. . အသားမပါပဲ အရိုးချည်းသက်သက် ရောက်လာတတ်ပေမယ့် ရိုးသားရတာ အရသာရှိတယ်လို့ ဘယ်သူ က ရိုးရိုးလေး ငါ့ခန္ဓာကိုယ်ထဲ(ငါ့အရိုးထဲ)ရိုက်သွင်းသွားပါလိမ့်. . .

ငါ့ကို စကားသိပ်မပြောဘူးတဲ့ တိုင်းချစ်ပြည်ချစ် မျိုးချစ် စိတ်တွေ ငါ့အတွင်းမှာ တဒီးဒီး တစီးစီး စီးဆင်းနေတာကို ငါ ငေး မောနေမိလို့. . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . စီး။

မှတ်ထားဦး အဖေရှင်ဘုရင်ဖြစ်လို့ သားရှင်ဘုရင် လိုက်ဖြစ် လာတာမဟုတ်ဘူး. . .!

ငါ့အစ်ကို အောင်သန်းဖြစ်လို့. . . သူ့ညီ ငါ အောင်ဆန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတာ. . .၊

ငါ့နာမည်(အရင်း)ထိန်လင်း၊ စိန်တွင်းကြီးလောက်တော့ သနားတယ်. . .။

(မှတ်ချက်။ ကွင်းစကွင်းပိတ်ထဲမှ စကားလုံးများ မူရင်းကဗျာ၌ မပါပါ။ ရင်ဘတ်ချင်း ဂျက်ပင်ထိုးရာမှ ဂျစ်ခနဲ စပါတ်ရိုက်သော မီးပွားများ ဖြစ်ပါသည်။ ဆရာခရမ်းပြာထက်လူရဲ့ ကဗျာကို ကြိုက်လို့ ကျွဲသလို့ share တာပါ။)

ထမင်းကောင်း ဟင်းကောင်းစားရလျှင် ချစ်ခင်သူတွေကို သတိရတတ်သော စိတ်ရင်းကလေးဖြင့် ကဗျာကောင်း ဖတ်မိသော အခါ နီးရာလူကို လက်တို့၍ ရွတ်ပြချင်လာသည်။

ကောင်မလေးကို လှမ်းကြည့်မိပြန်သည်။ သူလေး ကဗျာ ဝါသနာပါရင် သိပ်ကောင်းမှာပဲဟု လှမ်းလိုက်မိသေးသည်။

ဟိုက. . တမင် မျက်နှာကို လွှဲနေလေရော့သည်။ ကိုယ်ပါ လှည့်သွား၏။

အခုနေများ ဟိုနေ့က အခင်းအကျင်းမျိုး ပြန်ဖြစ်ရင်. . . အင်း. . ဟိုမင်းလေးပါးကို သူ အငမ်းမရ တမ်းတနေမိပါတော့သည်။ ကူညီညာဝိုင်းလို့ မှိုင်းမတော်မူပါကုန်. . .။

မင်းလေးပါးကား ဝိုင်းဖို့ မှိုင်းဖို့ နေနေသာသာ အရိပ်အ ယောင်ပင် မတွေ့၊ ဘယ်မှာ ဒေါင်ချာစိုင်းနေသည်မသိ။

ဆက်လှန်နေမိသော ကဗျာတွေလည်း ရင်ထဲရောက်သော တော့ပါပြီ။ ရင်ထဲကို တစုံတရာ ရောက်နေ၏။ နေမထိ ထိုင်မသာကြီး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ ကပ်သွားကာ. . .

"နေကြာစေ့ နည်းနည်းလောက် ကျွေးပါလားဟင်"

စိတ်ထဲက ပြောကြည့်သည်။

"ကြိုက်တတ်ရင် ကိုယ့်ဟာကိုယ် ဝယ်လာပါလား၊ ငတ်ကြီး တုံးရဲ့. . ."

အဲ့လို. . ပြန်ပြောရင် ဘယ်လိုဆက်မလဲ၊ ဖြစ်ချေသေးပါဘူး။

"ဟိုနေ့က မင်းကလေး ကိုယ့်နားဘာဖြစ်လို့ လာရပ်တာလဲ ဟင်"

ဟာ!. . ဘာလိုင်းကြီး၊ ဒါလည်း မဖြစ်ပါဘူး။

"မသရဖိန့် ဘာတော်လဲဟင်. . အလည်လာတာလား၊ နာ မည်ဘယ်လိုခေါ်လဲ၊ တို့က. . ခင်တတ်ပါတယ်"

ရှိုးပွဲကွာ. . ၊ ဒီထက်ကဗျာဆန်တာ ကြံစမ်းပါဦးဟ။

"ဘာစာအုပ်ဖတ်နေတာလဲ၊ အို!. . ဝိဇ္ဇာကာတွန်းလား၊ ရယ်ရတယ်နော်. . တို့လည်း အရမ်းကြိုက်တာပဲ၊ ဝိဇ္ဇာနာမည်က ထိုင်ဝင်းတဲ့. . ဟဲ. . ဟဲ"

"အဲ့ဒါ ကျမက ဘာလုပ်ရမှာလဲ. . ဆိုရင် ငုတ်တုတ်မေ့နေ ဦးမယ်၊ ခက်ပြီ. . နားထင်နှစ်ဘက်ကို လက်ဖနောင့်နှင့် စုံပေါက်မိ သည်။

ဘာအကြံမှ ထွက်မလာ. . .။

သူကလေး၏ အနီးဆုံးမှာနေ၍ အမြင်. . အကြား. . အနံ့ အာရုံအားလုံး စည်းစည်းရုံးရုံး ဖွံ့ဖြိုးချင်နေသောဆန္ဒသည် ရင်ခေါင်း ထဲ ပြည့်ဖောင်းရှန်းကန်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နေမထိ ထိုင်မသာ ဆောက်တည်ရာမဲ့ အီလယ်လယ် အူတူတူ ဝေါင်စင်းစင်း ခြေမကိုင်မိ လက်မကိုင်မိ ကိုယ့်ကိုယ်ကိုယ် ဘယ်နား ပစ်ချရမှန်းမသိ. . . စသောစကားလုံးများကို ပေါင်းရုံးစုစည်းထားသော ဝေါဟာရအသစ်ရှိလျှင်. . အဲ့ဒါ အခု သူဖြစ်နေတာပါပဲ။

ထူးပါဘူး၊ ယောက်ျားမာနတွေ ဘာတွေ. . ဘေးချိတ်၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ ယောက်ျားတို့လုံ့လ သေခါမှလျှော့မဟာ. . ။

ကောင်းကင်တမွတ် ကြယ်ကိုဆွတ်တာတောင် ရတယ်လို့ ပြောသေးတာပဲ၊ ခုဟာက ထန်းပင်တမွတ်၊ ထန်းသီးဆွတ်တာတောင် မှုတ်သေးဘူး. .၊ ထန်းပင်အောက်က ချစ်စရာကောင်းသူလေးကို စကားပြောဖို့ အရေးပဲ၊ ဘာမို့ သွေးကြောင်နေမှာလဲ. . .။

ခြေဦးလှည့်. . အဲ. . မတ်တတ်အရင်ရပ် ခြေဦးလှည့်. . စစမ်း ခြေတစ်လှမ်း. . .။

အားတင်း၍ ခြေလှမ်းပြင်ရုံရှိသေး ညောင်ပင်အောက်မှ မပြေးရုံတမယ် ထွက်လာသော သရဖီ(ခေါ်)ဆံပင်ရှည်ကောင်မလေးနှင့် နောက်က အတင်းလိုက် တောင်းပန်နေပုံရသော ကျနော်မျှားဇာတ်လိုက်ကောင် နေလင်းအောင်။

ဇောင့်ဇောင့်နှင့် မသရဖီက ငိုသံပါကြီးနှင့်. . .

"ခင်နှင်းဆီရေ. . ညီမလေး၊ ပြန်မယ်. . မြန်မြန်လာ"

ပေါက်ခနဲထကာ ဆိုင်ကယ်ကောက်ခွပြီး ထွက်ချသွားကြပါလေရောလား. . .။

"ဘာထဖြစ်တာလဲ ငနေရာ"



www.burmeseclassic.com

www.burmeseclassic.com


“ငါ. . အတင်း အာပွားပေးမိလို့” . . . တဲ့။

ကဲ. . ကောင်းရော။

ဟင်း. . ဟင်း. . အနိုးကပ် မျက်စောင်းလေး လှသေးတော့။


www.burmeseclassic.com

www.burmeseclassic.com

မင်း ပျော်ရင်...ဝမ်းနည်းနေတာ...
မင်း ရန်သူ...။
မင်း ပျော်ရင်...ပျော်နေတာ...
မင်း သူငယ်ချင်း...။
မင်း ဝမ်းနည်းတဲ့အခါ...လိုက်ဝမ်းနည်းနေသူ...
သူ့ကိုတော့...
နှလုံးသားရဲ့အနက်ရှိုင်းဆုံးနေရာမှာ
လုံလုံခြုံခြုံ နွေးနွေးညှံ့ညှံ့ ထွေးထွေးဖွေ့ဖွေ့
ပွေ့သာထားလိုက်တော့...တဲ့...။

ကျနော်...ဝမ်းပန်းတနည်း...မျက်ရည်ကျနေတယ်
ကြက်သွန်လှီးရင်း...
သူမ...ဘာလုပ်နေမလဲ...?
(Mr. Bean...ကြည့်နေတယ်...တဲ့)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"ခင်နှင်းဆီ" . . ဆိုတဲ့ နာမည်လေးတစ်လုံး ထိုနေ့က အတိတ်တင် ကျန်ခဲ့သည်။ အဆစ်ပေးသွားသည်က အနီးကပ် မျက်ဆောင်းလေး၊ မွေးခန် လေပြည်ထဲမှာ. . သူ အသက်တဝလိုက်ရှူမိထိုက်သေး. . .။

ယခုလို ပြန်တွေးတော့. . .

မဆီမဆိုင် ငါးစိမ်းသယ်မလေးတစ်ယောက်ကို ဖျတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



သတိရသည်။ သူမက အိုးပေါက်ထားသည်။ ငါးရောင်းရင်း. . .

"ဟယ်!. . ဖောက်သည် ဝင်လာပြီတော့၊ ငါ့အိုး ငါ့အကုန် ပြန်ရှုမှ"တဲ့. . .

သူ့ဟာသူပြုံးနေမိရင်း မျက်စောင်းလေးကို အနီးကပ်ပုံကြီး ချဲ့ မြင်နေပြန်သည်။ အထက်၌ မဆီမဆိုင်ဟု သုံးမိသော်လည်း ဆိုင် ပါသည်။

ခင်နှင်းဆီ အနံ့လေးကို သူ အကုန်လိုက်ရှုပစ်ချင်ဖူးသည် လေ။ ငါ့အိုး ငါ့အကုန်ရှုမှနဲ့ ဆိုင်နေပါသည်။

အကယ်၍. . . ခင်နှင်းဆီ အိုးပေါက်ရင်ကော မင်း အကုန် ရှုမှာပဲလား မောင်ချစ်ရင်ထူး?. . ဟူသော မေးခွန်းဝင်လာမည်ဖြစ်၍ ဆိုင်ပါသည်ဟု ဆိုရခြင်းဖြစ်သည်။

ကဲ. . . ကိုယ့်ဟာကိုယ်မေး ကိုယ့်ဟာကိုယ်ဖြေကြည့်စမ်း ချစ်ဘော်၊ မင်းကြိုက်တဲ့ သူ့ကိုယ်သင်းနံ့. . ချိုင်းသင်းနံ့နဲ့ ရောပါလာ တယ်ကွာ၊ ဒါပေမယ့် အဲဒီအနံ့တွေကိုကျော်ပြီး ဝင်လာမယ့် ဝမ်းတွင်း နံ့. . . ခင်နှင်းဆီရဲ့. . . ကဒ်. . .။

ရပ်ပါတော့ အတွေးရယ်၊ ရအောင် ကဒ်လိုက်ပါသည်။

မဖွယ်မရာ အတွေးတွေရပ်၊ အသံတစ်သံ ကြားတယ်ဟု ထင်သည်။

"ဟိုမယ် စုတ်တံတွေ၊ ဟိုမယ် ဆေးရောင်တွေ၊ ဟိုမယ် ဘောင်ကျက်ပြီးသား ကင်းဗတ်စ၊ ဆေးအဖြူတောင် သုတ်ပြီးသား အဲဒီ အနီးကပ်မျက်စောင်းလေးကို ရေးပါတော့လား. . ."

သိစိတ်နှင့် မသိစိတ်ကြားက ပါးလွှာသော ထပ်လွှာလေးမှ



www.burmeseclassic.com

www.burmeseclassic.com


အထက်ပါအသံ တုန်ခါထွက်လာသည်။

အနုပညာ ဈာန်တစ်ခုကို လှမ်းနိုးပေးလိုက်သော အသံ။

(ထိုအလွှာမှ အနုပညာများ ထုတ်လုပ်သည်ဟု သွားလေသူ မောင်ချောနွယ် ပြောဖူးသည်။ အမှတ်တရ။)

သူ့အာရုံကို ကင်းပတ်ဖြူလွှလွှပေါ် တင်လိုက်သည်။

အင်မတိ အင်မတန်လှသော အနီးကပ် မျက်စောင်းလေး ပေါ်လာသည်။ ပြတ်ပြတ်သားသား ပေါ်လာနေသည်။ အနီးကပ် အသေးစိတ်. . .။

သူ စုတ်တံဆီ လက်ကမ်းမိလျက်သား ဖြစ်နေပြီ။

Inlarge အကျယ်နည်းနည်းတောင် (ဈာန်အာရုံက)ထပ် ချဲ့လိုက်သေးသည်။ ချစ်သူမျက်နှာကို. . .။

ဈာန်အာရုံသည် မသိစိတ်နှင့် သိစိတ်ကြားမှ လာသည်ဆို လျှင် ထိုစိတ်နှစ်စိတ်တည်ရှိရာအရပ်သည် နှလုံးသားရပ်ဝန်းဒေသ ၌သော်လည်းကောင်း. . နှလုံးသား၏ဗဟိုချက်မ၌သော်လည်း ကောင်း ရှိကိုရှိနေပါလိမ့်မည်။

ထိုအနုပညာဈာန်အာရုံသည် ဦးနှောက်အသိအားထက် နှလုံးသားဖိအား များကိုများနေပါလိမ့်မည်။

သူ ပန်းချီဆွဲနေသည်။

သို့မဟုတ် မျက်စောင်းထဲ ပြာကျနေလေသည်။

၅ ၅ ၅ ၅


www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ . . ဘာဖြစ်ကြတာလဲ"

"အေးကွာ . . ငါ အတင်းကြီး နသားပါယားဖြစ်သွားတယ်၊ ပြန်ချော့တဲ့စာတစ်စောင် ရေးပေးဦးကွာ . . နော် . . နော် . . "

သူက ပန်းချီရေးနေသည်။ ပေ၍ . . လာထိုင်မှိုင်နေသော နေလင်းအောင်ကို ဟိုနေ့ကိစ္စ မေးမိခါမှ မြှားဦးက သူ့ဘက်ပြန်လှည့်လာသည်။ သည်စာကိုတော့ စိတ်ပါလက်ပါ ရေးကိုရေးရမည်။ လမ်းကြောင်း ပျောက်သွားနိုင်သည်လေ။

စုတ်တံ ခဏထားလိုက်သည်။ စာရွက်နှင့်ဘောပင် ယူလိုက်သည်။

သရဖီ...

မင်းရဲ့အလှနဲ့ မင်းရဲ့ ဆွဲဆောင်မှုအားမှာ
ကိုယ်ခတော ရှုံးသွား သွားတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆွဲလန်းလန်းလည်း ဖြစ်နေပါတယ်။
မိတ်ဆွေကြရင်...
နောက်တစ်ခါက ဘုံဒီဇာချိန်
ဘုံဒီနေရာမှာပဲ...။

ဒါပဲ လိုရင်းတိုရှင်း ရေးလိုက်၏။

"ရော့ . မင်းဟာမင်း လက်မှတ်တော့ထိုး"

"ညဥ့်ကျလို့ အွန်လိုင်းမှာတွေ့လို့ ချက်ဖြစ်ရင်လည်း မင်းကူဦးနော်"

"ဒီစာကိုသာ သူ့လက်ထဲ အမြန်ဆုံးရောက်အောင် လုပ်ဦး ငပေငနေ"

ဤသို့ဖြင့်. . .

၉ ၉ ၉ ၉



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့်. . .

"နောက်. . အဲ့ဒီလို မဆိုးနဲ့". . ဆိုတဲ့ ဖုံးအကြောင်းပြန်ချက် ရတော့ နေလင်းအောင် ထကပြီး သူ့ကို ဘီယာဆိုင် မချလာခြင်း ဖြစ်သည်။ သူလည်း သောက်ကောင်းကောင်းနဲ့ သောက်လိုက်တာ ရောက်ပါလေရော(လစ်မစ်ရောက်တာကို ပြောတာ)။ ရောက်တော့ ခင်နှင်းဆီအပေါ် သူ ဖြစ်ခဲ့ပုံတွေ အသေးစိတ် အံချမိပါလေရော။ စိတ်အစဉ်မှာ ဖြစ်ပျက်တာကအစ ခရေစေ့တွင်းကျ အံခြင်းဖြစ်သည်။

နေလင်းအောင် ခေါင်းတညိတ်ညိတ် နားထောင်ရင်း ငါ့သူငယ်ချင်းနဲ့ ခင်နှင်းဆီလေး ပြေလည်အောင် ငါ ဘယ်လိုကြံဆောင် ပေးနိုင်မည်လဲ. . ဟု ဘော်ဒါစိတ်ဖြင့် တွေးနေသည်။ ခေါင်းထဲက ဘတ်သီးလေး လင်းလာပြီး လက်ခနဲ အကြံတစ်ချက်ရသည်။

"အလွန်တရာ ချစ်တတ်သွားပြီဖြစ်တဲ့ ငါ့ကောင်ကြီး ချစ်



www.burmeseclassic.com

www.burmeseclassic.com







ဘော်ကို ဤနည်းဖြင့် ငါ ကယ်အံ့"ဟု(စိတ်ထဲက) နေလင်းအောင် ဥဒါန်းကြူးလိုက်သေးသည်။

ကယ်တင်ရှင်ကြီး ဆက်တွေး၏. . .။

အင်း. . အခင်းအကျင်းလိုတယ်၊ ဟုတ်ကဘဲ. . .။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ဘာယ်လိုဆုံးဖြတ်သလဲ မမ. . ၊ မမ ဆွဲဆောင်အား မှာ ခဏာရှုံးသွပ်သွားတယ်လို့ ဝန်ခံထားတဲ့ အဲ့ဒီအရှုံးကို စိတ်ပြေသွား ပြီလား၊ ပြေနေပါပြီလေ. . ညီမလေး သိတာပေါ့၊ ပြေတဲ့အပြင်. . ဟင်း. . ဟင်း. . လွှမ်းတောင်လွှမ်းနေသေး"

"မိခင်နှင်းဆီနော်. . ၊ တိုးတိုး အပေကြားသွားမယ်"

"ဘဘ စာကြည့်ခန်းထဲမှာ ဓမ္မပဒနဲ့ ဂျော်နီလမ်းလျှောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်နေတယ်"

မွေ့ယာပေါ် ကန့်လန့်ဖြတ်လဲကျနေသော ခင်နှင်းဆီက ပြူတင်းပေါက်သို့ရပ်၍ တွေဝေနေသော သူ့အစ်မသရဖီ၏ အတွင်းသားကို လှမ်းမြင်နေရသည်။

"ဆုံးဖြတ်လေ. .၊ မနက်ဖြန် ချိန်းတဲ့နေရာ. . တစ်နည်းအားဖြင့် မမ ထွက်ပြေးလာတဲ့နေရာ. . ဘာကြောင့် ထွက်ပြေးလာမိသလဲဆိုတာကိုလည်း ပြန်စဉ်းစားပေါ့"

"သူက ငါ့နှုတ်ခမ်းကို လာနမ်းတာကိုးဟဲ့"

"အဲ့ဒါဘာဖြစ်သလဲ၊ သမီးရည်းစားပဲ"

"မမက. . အဲ့လို. . တစ်ခါမှ. . မှ. ."

သရဖီ ဆက်မပြောနိုင်။

"အဲ့ဒါ မမကျွန်ခဲ့တာပဲ၊ တစ်နည်း. . တုံးတာပဲ"

"ဘာ!. ."

မမသရဖီ ခပ်ငေါက်ငေါက် ဘာသံသည် အရှိုက်ထိသံဖြစ်သည်။ သို့သော် တုံးတာပဲဆိုသော. . စကားလုံး၏ ဝုံးသံဖြစ်နိုင်၏။ ခေတ်နောက်အကျကြီး နောက်ကျနေခဲ့သော နူးနူးညံ့ညံ့ ကြုံလိုနံ့နဲ့ သံလေးလည်း ဖြစ်နိုင်၏။

သို့တည်းမဟုတ် ဟိုကဗျာထဲကလို ရိုးရာရိုးရာနဲ့ ကိုင်အပေါက်ခံရလို့ အညှိအမည်း စွဲနေတာတောင် အိပ်ယာက ခုထိမနိုးသေးတာလည်း ဖြစ်နိုင်သေးသည်။

မမသရဖီ၏. . ဘာ!. . တစ်လုံးကို ခင်နှင်းဆီ ဖျတ်ခနဲတွေးနေခြင်းသာပါ။



www.burmeseclassic.com

www.burmeseclassic.com


"နှုတ်ခမ်းအနမ်းခံရတော့ ဘယ်လိုနေသလဲ၊ အမှန်အတိုင်း ဖြေကြေးနော်၊ ဒါ ရှက်စရာမှတ်ဘူး"

မမမျက်နှာကို အသေအချာ စိုက်ကြည့်ရင်း မေးလိုက်ခြင်း ဖြစ်သည်။ ရဲခနဲ ရှက်သွေးနှင့်အတူ ဖျတ်ခနဲ ကြည်နူးသာယာခြင်းကို အတိုင်းသား မြင်လိုက်ရ၏။

"လှိုက်ခနဲ ရင်ခုန်သွားတာပေါ့"

"ဂွတ်. . အမှန်အတိုင်း ဖြေတယ်၊ မမက ရိုးသားတယ်၊ ကဲ အဲ့ဒီရင်ခုန်တဲ့ အရသာကို မမ မကြိုက်ဘူးလား ကြိုက်လား"

"ကြိုက်တယ်. . ဒါပေမယ့်"

"ဒါပေမယ့်မနေနဲ့ ကြိုက်တာကို ကြိုက်တယ် ပြောရဲရမှာပေါ့ ဒါ လူ့အခွင့်အရေးပဲ"

"စကားကြီးစကားကျယ်တွေ ငါ မသိပါဘူး မိဆိုးရယ်"

စိတ်လိုလက်ရ အခါမျိုး၌ ခင်နှင်းဆီကို မိဆိုးဟု ခေါ်လေသည်။ ယခုလည်း စိတ်လိုလက်ရနေပြီဟု ခင်နှင်းဆီ သိသည်။

"ကဲ. . ရိုးရိုးသားသားပဲဖြေ၊ ရင်ခုန်အနမ်းကို ကြိုက်ရက်နဲ့ ဘာလို့ ထပြေးလာသလဲ. . ဖြေ"

"လန့်ဖျတ်ပြီး အကြာကြီး အနမ်းခံနေမိပြီးမှ ငါ ဘာလုပ်ရမှာ ပြန်နမ်းရင် ကောင်းမလား၊ စဉ်းစားရင်း. . စဉ်းစားရင်း ပြန်နမ်းမှန်းမသိ ပြန်နမ်းနေမိရင်း ပေါ့ဟယ်၊ ဖျတ်ခနဲ သတိရသွားအောင် သူက လုပ်တယ်"

"ဘာလဲ. . ဟင်"

"လက်ပါလာတာလေ"


www.burmeseclassic.com

www.burmeseclassic.com



ခွီခနဲ ရယ်မိသည်။

မမသရဖီလည်း တွန့်ခနဲ ရယ်တော့သည်။

ပြူတင်းပေါက်နား ဝေးနေရာမှ ရယ်ရင်း ကုတင်ပေါ် ပစ်လှဲချသည်။ ညီမနှစ်ယောက် ဘာမဟုတ်တာလေးကို အတွေးဖောက် ရယ်နေမိကြသည်။ မွေ့ယာပေါ် ဖက်ရယ်ရင်းရယ်၍ ဝမ့် ခင်နှင်းဆီက မမနားနားကပ်၍ မေးပြန်သည်။ အစ်မလုပ်သူကလည်း ဖြေသည်။ ပုဆွန်တုပ်ကွေး အရှင်ကလေးနှစ်ကောင် အိပ်ယာပေါ် ပစ်တင်ထားသလို ရှိသမျှ လှုပ်ခါ၍ ကွေးနေအောင် ရယ်ကြပြန်သည်။

ဘာမေးလို့ ဘာဖြေတယ်တော့ ဘယ်သိမလဲဗျာ. . တိုးလွန်းတာကိုး၊ အင်း. . ခန့်မှန်းမေးခွန်းကတော့။

လက်ပါလာတာလေးနဲ့ ရပ်နေတော့ကာ. .

"လက်က ဘယ်လိုပါတာလဲ မမ"

ဟူသော အမေးမျိုး ဖြစ်ဖို့များပါသည်။ ဘယ်လိုနေသလဲ၊ ကြိုက်သလားထိ ဆက်မေးရင်း အူလှိုက်သည်းလှိုက် ရယ်စရာတွေ တန်းစီနေတော့သည်။

အရယ်မရပ်တစ်ရပ် ဖြစ်နေသော သရဖီကို ခင်နှင်းဆီက ဖတ်ခနဲ လှမ်းပုတ်ရင်း. . .

"နက်ဖြန်ချိန်းတဲ့နေရာ သွားဖို့မသွားဖို့ ကဲ. . ဆုံးဖြတ်မမ"

ထမီစ,မ ထထိုင်ရင်း. . .

"ဆုံးဖြတ်ပြီးပြီ. . သွားမယ်၊ လွမ်းတောင်နေတာ"

"ထောက်ခံတယ်"

လက်ဝါးထောင် ရိုက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း!. ."

"နက်ဖန် မိတ်ဆက်ပေး မမ၊ အဲ့ဒီကောင်လေးကို ခင်နှင်းဆီ ကစားပြမယ်"

"ဖောင်း!. ."

ကစားပြမယ် ဆိုပါကလားလေ. .။ ဤအစီအစဉ်ကို ကျွန်တော်များ ဇာတ်လိုက်လေး ချစ်ရင်ထူးက ဘယ်လိုတန်ဖိုးကျွတ်ပါဒ်နှင့် သိမည်နည်း။ မသိရေးချမသိ။

ကံကြမ္မာဟူသော ဇာတ်ဆရာသည် ပေမရှည်,ရှည်အောင်လည်း ဇာတ်ညွှန်းကို ရေးတတ်ပေသေး၏။ ကြည့်. . .။



www.burmeseclassic.com

www.burmeseclassic.com

ဟင်းတစ်ခွက်ထဲမှာ
လိုအပ်သလောက်
ဆားခတ်ထား သလိုပေါ့...၊
ဘဝထဲမှာ
လိုအပ်သလို
မျက်ရည် ခတ်ထားတယ်...၊
အချစ်ထဲမှာ
အလွမ်းခတ်ထားတယ် ....။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

မိုး ချုပ်နိုင်း ဆိုထားသော အချိန်ထက်စော၍ သူနှင့် နေလင်း
အောင် ညောင်ပင်အောက် ရောက်လာသည်။

“မင်းအလိုချင်ဆုံး အခြေအနေကိုရအောင် ငါ ဖန်တီးပြ
မယ်၊ တစ်နည်းအားဖြင့် မင်းရဲ့ချစ်ဒုက္ခကို ကယ်တင်ဖို့ ငါ ဖန်ဆင်း
ပြမယ်၊ မင်းက အတိအကျလိုက်နာ၊ ရော့. . ဒီမယ် စာရွက်ကဒ်နဲ့
HB ခဲတံဆိုဒ်စုံပဲ၊ သွား ဟိုးနေ့ကအတိုင်း ခဲသွားကောက်နေ၊ အဲ. .



www.burmeseclassic.com

www.burmeseclassic.com



အရင်နေရာမှာပဲပေါ့ သွား. . ”

သူ့ကို ဖွင့်ဟတိုင်ပင် ဆရာတင်မိတာ. . ငါ မမှားလောက်ပါဘူး၊ သူကငါ့ထက် လက်တွေ့ပိုသိတယ်လေ. . . ဟု ချစ်ရင်ထူး တွေးရင်း. . ဒီကောင့် အစီအမံအခင်းအကျင်းထဲ လည်စင်းခံနေမိသည်။

ကိုယ့်ဦးနှောက်ကလည်း ဘာအကြံမှထွက်မလာ. . ခံဟ။ ဒါပေမယ့် အရင်နေ့ကလို ငါ့နောက်နားလာရပ်ရင်ဟု လိပ်တွေးတွေးရင်း ရင်တွေခုန်လာပြန်သည်။

ခဲကောက်ရင်း လည်ပင်းက မကြာခဏ စောင်း၍မျှော်နေမိသည်။ စိတ်နှစ်ခွဖြစ်နေသော်လည်း ခဲကောက်ကြောင်းဆီ ဝင်လာသော စိတ်နှင့်ဈာန်ကတော့ သူ့အလုပ်သူ အကောင်းဆုံး လုပ်နေသည်။ အနုပညာကိုတော့ ဘာအမှုကိစ္စကမှ ဝင်စွပ်မခံအောင် သူ လေ့ကျင့်သား ရနေခဲ့သည်။

ထန်းသီးလေးတွေ တွဲအိလာသည်။

ဆိုင်ကယ်သံကြား၍ လှမ်းကြည့်လိုက်တော့. . .

“ဟိုက်!. . လာပဟ. . .”

အင်္ဂလန်က(တော်ဝင်တီးဝိုင်း)ဘင်သံကြီး ရင်ထဲမြည်ဟီးသွား၏။ သရဖီက ခင်နှင်းဆီလက်ကိုဆွဲ၍. . သူ့ဆီ(ထင်သည်) ဦးတည်သည်။

ငနေက သရဖီကို လက်ဆွဲ၍(သေချာသည်) မြစ်ပျဉ်းကြားဆီ ဦးတည်သည်။ ဘာတွေ ငြင်းခုန်ပြောဆိုနေကြမှန်းတော့မသိ။ နောက်တော့. . ငနေ အားကောင်းမောင်းသန် ဆွဲချရာ မြစ်ပျဉ်းဆီ

www.burmeseclassic.com



သရဖီ ပါသွား၏။

ခင်နှင်းဆီက ဟိုးနေ့ကအတိုင်း သူထိုင်နေကျ ထန်းပင်အောက် ခုံတန်းစီ သွားထိုင်နေ၏။ အခင်းအကျင်းကတော့ ငနေဇာတ်ညွှန်းအတိုင်း စတင်ပါချေပြီ။ မင်းလေးပါး ကြွလာမှပင် ဇာတ်ဝင်ခန်းက လှုပ်ရှားလာမည်ဖြစ်သည်။

ယခင်တစ်ခါ မင်းလေးပါထဲက ဝေလင်းသူကို ခေါင်းဆောင်တင်၍ ရေစင်ဘိုး ကောင်းကောင်းဆက်သပြီးလည်း ဖြစ်သည်။

ငနေက ပိုင်သည်။ သူ့နှောင်တော်တွေဟု ပြောနိုင်သည်။ တနည်းအားဖြင့် ပြုတ်မနူးသော အရွတ်တုံး မင်းလေးပါးက သည်အခန်းကို ဇာတ်ရှိန်ပြင်မည်။ တင်မည်။

နေကြာစေ့စားရင်း ဘာစာအုပ်မှ မဖတ်ဘဲ ဟိုငေးဒီငေး လုပ်နေသော ကောင်မလေးကို သူနှစ်ခါ ခိုးကြည့်ပြီး ဖြစ်သည်။ နောက်နားလာရပ်ရင်လည်း ပြောရမယ့်စကားကို ရွေးချယ်သိကုံးပြီးပြီ။ အဆင်အပြေဆုံး ဖြစ်ကိုဖြစ်ရမည်။

"ဩော်. . အဖော်ဆိုတဲ့ မြန်မာစကားဟာ အတော့်ကိုလေးနက်ပြီး အလွန်တာသွားတဲ့ စကားပဲနော်"

ဟော့ဟော့. . အဲလိုစမယ်လေ. . ။

ကိုယ့်ဟာကိုယ် ညည်းသလိုလို. . သူ နောက်နားလာရပ်နေတာသိလို့ တမင်ပဲပြောလိုက်သလိုလို. . ၊ ပြီးတော့ အဖော်ဆိုတဲ့ စကားလုံးဟာ အခင်းအကျင်းနဲ့ အချိန်အခါအရ ကွက်တိပဲ။

သူမလေးက ဘာမှပြန်မပြောပဲ နေရင်လည်း ဆက်စရာစကား ရှိပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖော်သဟဲဆိုတာက ပိုလှတယ်၊ ဖော်ဆွေသဟာတို့. . ဆွေအဖော်တို့က ပိုကောင်းလှသေးတယ်၊ မင်းလည်း ပညာတတ် ခတ်ထက်ထက်ဒီဗိုင်းပဲ တို့ပြောတာကို ဘယ်လိုထင်မြင်ယူဆလဲ"

ဒါပဲလေ. . ခန့်ခန့်ညားညား ယဉ်ယဉ်ကျေးကျေး ဝင်လိုက်ခြင်း ဖြစ်သည်။

မင်း ဘယ်ပြေးမလဲ မိချိသဲ. . အဲ. . မခင်နှင်းဆီ. . မရိုစီ။

အင်း. . ချစ်စနိုးနဲ့ Rose(ရို့)စ်လို့ခေါ်ရင် ကောင်းမလား၊ ဟင်း. . ဟင်း. . ။

"အဖော်ကို ဒီလောက်အမွန်းတင်နေမှတော့ ရှင့်အိတ်ကပ်ထဲ အမြဲအဖော်ဆောင်တယ်ထင်တယ်"

သေကွာ. . ၊ အဲ့ဒီ တစ်ပေါက်ရှိနေတယ်. . ဟု ခဲကောက်ရင်း သူ ခုပ်တိုးတိုးအော်လိုက်မိသည်။ စိတ်ကူးသည် အဖော်နှင့်ထိုးရပ်သွား၏။

ညောင်ပင်ခွကြားမှ ပုတ်သင်ညိုတစ်ကောင် အောက်က အတွဲကို ငုံ့ကြည့်ရင်း ခေါင်းညိတ်၏။ လူစုံတွဲ ဘာလုပ်နေသည် ဆိုတာ သဘောပေါက်သွားသည်။ ထင်သည်။

ထိုစဉ်မှာပင်. . .

*"အို!. . ဒေဝစ္ဆရာ. . . ဆွေနတ်ကညာ လှတကာတို့. . . ပေါင်းကာစုဝေး. . . ရေး. . . ဟေး. . . လှဟန်ရေး. . ဟေး. . . လှသွေးကြွယ်ကာ. . . ♪♫*

*အဆင်းသဏ္ဌာန်မူယာ. . မြရောင်စိန်ရောင်လင်း. . ဟင်း. . ဟင်း. . . ကိုယ်ဟန်ကြော့ရှင်းခါ. . . ♪♫*



www.burmeseclassic.com

www.burmeseclassic.com


အို!. . . ဒေဝစ္ဆရာ. . . မှိုင်းပြီ"

အိုကေပြီ. . .။

အခင်းအကျင်းထဲ ဝင်လာသော အင်မတန်သာယာသည့် နဝင်ပီယံ အသံကွဲကြီး ဖြစ်ပါသည်။ ဇာတ်လမ်းက စပြီ။ ဖါတ်ညွှန်းနှင့် ဒါရိုက်တာ ခြောနေလင်းအောင်၏ရိုက်ချက် စပါပြီ။ မင်းလေးပါး ကြွချီလာတော် မူခန်းပါတကား။ မင်းလေးပါးတို့ လိုအပ်သည်ထက် ယိုင်ထိုးနေကြသည်။

ဒေဝစ္ဆရာသီချင်းကပင် ဆန်းဝင်းထျာန်ကနေ အာဇာနည် ထျာန် ဝင်နေသည်။ လက်ခုပ်နှင့် ပါးစပ်ဆိုင်းကလည်း သုံးယောက် သုံးပေါက်၊ အရင်က ပုဆိုးကွင်းသိုင်း ဝေလင်းသူ တစ်ယောက်တည်း ခုတော့. . ရွှေမန်းနာတလူးလည်း ကွင်းသိုင်းနေပြီ ဖြစ်သည်။

အင်း. . ဇာတ်ညွှန်းအရ အိုဗာထည့်ထားသလား. .

သို့တည်းမဟုတ် မူရင်းထက် လစ်မစ်လွန် အိုက်တင်အစစ် လား. . သိပ်မကွဲပြားတော့ပြီ။ သူ ခဲတံဘေးချပြီး စဉ်းစားရပြီ။

ကောင်မလေးက ခပ်တည်တည်ထိုင်နေဆဲ. . ။

သရုပ်မှန် မူရင်းဇာတ်ညွှန်းအရဆိုပါက သူကလေး သူ့နား သို့ အလိုလို ရောက်ကိုရောက်လာရမည် ဖြစ်သည်။ မင်းလေးပါး အန္တရာယ်ကို ရှောင်ရှားသောအားဖြင့် သူ့အရိပ်ကို ခိုကိုခိုရမည်ဖြစ် သည်။

ဟယ်!. . ခပ်တည်တည် ပေထိုင်နေပါလား။

ဟိုအုပ်စုက တစ်စတစ်စ နီးလာနေပြီ။

ပြဿနာပဲ. .၊ သူကသာ ရင်တမမ လှမ်းကြည့်နေသည်


www.burmeseclassic.com

www.burmeseclassic.com


ဟိုက သူ့ကို တစ်ချက်လေးမှ လှည့်မကြည့်။ မင်းလေးပါးမကလို့ မင်းလေးဆယ်လာလည်း ဂရုစိုက်မည့်ပုံမပေါ်၊ ဘာအဖော်မှလည်း သောက်ဂရုစိုက်နေပုံမရ. . ။

နောက်ဆုံးက ကွင်းသိုင်း ယိုင်ထိုးနေသော နေလင်းအောင်၏အမိကဇာတ်ဆောင် ဝေလင်းသူက ထန်းရည်ပုလင်း ကန်ပေါင်ပေါ် ချ၍ ဖုံးဆက်နေသည်။ သူ့ရှိ့ကိုယ်တိုင် ကြွချီတော်မူလာသည်ကို မြင်ပါရက်ကနဲ့ သူငယ်မလေးက မခန့်မထည် လုပ်နေ၍ ဒါရိုက်တာထံ ရိုက်ကွင်းဇာတ်ညွှန်း ထပ်မံတောင်းခံနေသော အသွင်အပြင်မျိုးဖြစ်သည်။ ရှေ့ဆုံးက ရွှေမန်းနာတလူးက. . .

"အဲ. . ဟိုမယ်. . ဒေဝဣရာလေးပါလား တစ်ဗွေထဲကွ. . ၊ ဒေဝဣရာအစစ်လေး. . ဟေး. . ဟေး. . နာအရင်တွေ့တာနော်"

ခုန်ပေါက်မြောက်ကြွ၍ အရင်ဆုံး အသုံးတော်ခံရန် ပြေးလာတော့သည်။

"ဟော့. . ဟော့. . နာတလူး၊ ဒီ. . ဒီမှာ ဘာအမိန့်မှ မရသေးဘူးနော်၊ ဆက်သွယ်မှု ဧရိယာပြင်ပကို ငါတို့ပရိုဂျူဆာ ဘာသွားလုပ်နေလဲ မသိဘူး"

"အို. . ဆိုပြုကပြတာပဲ. . ဘူ့ဆီက အမိန့်မှမလိုဘူး၊ ကိုယ့်အနုပညာကို ကိုယ်ဖော်ထုတ်တာပဲဟာ၊

*အို!. . ဒေဝဣရာ. . . ဆွေနတ်ကညာ လှတကာတို့. . . ပေါင်းကာစုဝေး. . . ရှေး. . . ဟေး. . . လှဟန်ရှေး. . ဟေး. . . လှသွေးကြွယ်ကာ. . . ♪♫*

*အဆင်းသဏ္ဍာန်မှူယာ. . မြရောင်စိန့်ခရောင်လင်း. .*


www.burmeseclassic.com

www.burmeseclassic.com



ဟင်း. . ဟင်း. . . ကိုယ်ဟန်ကြော့ရှင်းခါ. . . ♪♫

အို!. . . ဒေဝစ္စရာ. . . ♪♫ အိုး. . . ရှာစား ဘာတဲ့"

ဂြိုဟ်တုကလည်း ပါးစပ်ဆိုင်းကို အပီတီး၍ နာတလူးနှင့် ရင်ဘောင်တန်းလိုက်လာသည်။ ဂြိုဟ်တုသောက်ကျင့်က လက်ပါ တတ်တာ သူကသိနေသည်။

ကောင်မလေးရှေ့မှာ အဆိုအက တီးလုံးအပြည့်နှင့် အသုံး တော် ခံနေပြီ။ သူ စာရွက်ပစ်ချ၍ ထရတော့သည်။

ရွှေမန်းနာတလူးက လုံချည်စွန်တောင်နှင့်. . .

"ဘယ်ကမျှား ဘုံကြီးပြတ်ပြီး ကျလာပါသလဲ မိုးနတ်မဒီ လေး. . ."

"ပလို့ဂျို!. . ဗပေ့ပေ့ဂျို!. . ."

(ဂြိုဟ်တုပါးစပ်ဆိုင်း)

ခင်နှင်းဆီက မြို့ကြီးသူပီပီ အကြောက်အလန့်မရှိ ခပ်တည် တည် ပြန်ကြည့်နေ၏။ ဝေလင်းသူ ပုဆိုးပြင်ဝတ်ရင်း ယိုင်ထိုးဝင် လာသည်။

"ငါ့ကောင်ကြီးများ ဒီမှာဖုံးဆက်လို့မရဘူးဟ၊ ငါတို့တာ'က အခေါ် အပြောတွေ ဘာညာဘာညာတွေ မပါဘူးလေ၊ အဲ့ဒီအစီအ စဉ် မှတ်ဖူးလေ၊ ခွေးမသား. . ငနေ ဘာလုပ်နေလို့ ဖုံးမကိုင်သလဲ သိဘူး. . ."

ဂါဂဲအောင်မြင့်ကြီးက. . .

"ဒါဆို ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပေါ့ကွာ၊ နာတလူး ယိမ်းမ မင်းက ဆက်ဆံရေးညံ့တယ်. . ငါညှိမယ်၊ ဖယ်ဆိုဖယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကပုလင်းကို အကုန်မော့၍ ပါးစပ်ကို အကျီလက်မောင်းနှင့် သုတ်သင်သည်။

"ညလေး တစ်ယောက်တည်းလား"

သူ မဝင်၍ မရတော့ပါ။

"ကိုကြီး ဂါဂုံ၊ သူတစ်ယောက်တည်းမဟုတ်ဘူး၊ ကျနော့်မိတ်ဆွေ. . ."

"ဟာ!. . ချစ်ဘော်လေး၊ မင်းမိတ်ဆွေ. . ဟုတ်လား. . ဟား. . ဟား. . ငါတို့ မင်းအကြောင်းကို အူမချေးခါး သိနေကြတဲ့ နှောင်တော်ကြီးများပါကွာ၊ ဟုတ်လား. . နာတလူး"

"ဝုတ်တယ်. . ၊ ဒီကလေးဗိုက်ထဲ အူဘယ်နှခွေကအစ သိတယ်"

"မင်းမှာ ဒီလိုပစ္စည်းကောင်းလေး ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ ညလေး ဒီကောင်လေးနဲ့ မင်း ဘာတော်သလဲ"

ကောင်မလေးက ခပ်ဖြုံးဖြုံး သူ့ကိုလှမ်းကြည့်ပြီး ငမူးတွေကို ပြန်မေးသည်။

"သူက ဘာပြောသလဲ"

"ကျနော့်မိတ်ဆွေတဲ့"

"သူပြောသလိုပဲ"

"ဒါ. . ဒါဆို မိတ်ဆွေပေါ့"

ငမူးသံနှင့် ပြောရင်း. . . ဝေလင်းသူ ဖုံတကားကားနှင့်ရွှေ့ သို့ဝင်လာခြင်း ဖြစ်သည်။ တားရန်ဖြစ်သည်။

"ဟုတ်တယ် ကျမမိတ်ဆွေ"



www.burmeseclassic.com

www.burmeseclassic.com


ဝေလင်းသူက. . .

"မိတ်ဆွေဆိုရင် ညည်း သူ့နားသွားနေရမှာပေါ့၊ ဒါမှမှုတ်တို့တွေ ကွင်းသိုင်းပြီး လာနေတာ မြင်သားနဲ့ ညည်းအားကိုးအားထားရမယ့် ယောက်ျားလေးမိတ်ဆွေနား ထသွားရမှာပေါ့၊ ခုတော့ စောက်တလွဲတွေ ဖြစ်ကုန်တာပေါ့၊ ညည်းထမသွားလို့ ငါ ဒီမှာ ဖုန်းဆက်နေတာ၊ ခွေးမသားငနေက ဘာလုပ်နေလို့ ဖုံးမကိုင်တာလဲ၊ ဟော့. . ငနေ မင်းဇာတ်ညွှန်းက ဘာလဲကွ၊ မင်းထွက်ခဲ့. . ဒီမှာအကုန်ရှုပ်ကုန်ပြီဟ ငနေရ"

မူးမူးနှင့် ဝေလင်းသူ ကြွခိုးဖော်တော့သည်။

ဘာမှနားမလည်၍ ပေကြောင်ကြောင်နှင့် ကြည့်နေသော ခင်နှင်းဆီလေးအား ဝေလင်းသူ အားနာသနားသွားဟန်တူသည်။

မျက်နှာချိုသွေး တံတွေးမျိုလိုက်ပြီး သကာလ. . .။

"ညည်းက ဘာမှသိမှာမှုတ်ဘူး ကိုကြီးရှင်းပြမယ်၊ ဒီလိုကွဲ. . ဟော့ကောင် ဂြိုဟ်တု နောက်ဆုတ်. . ၊ အေး. . ဒီလိုကွဲ. . ညည်းက အဲဒီလိုလေးထိုင်မယ်၊ တို့ကမူးပြီး ကွင်းပိုင်းဝင်လာကြမယ်၊ ညည်းက အားကိုးတကြီး ခဲရေးနေတဲ့ ချစ်ဘော်နားထသွားမယ်၊ အဲဒီအတွက် နေလင်းအောင်က တို့ကို ထန်းရည်ဘိုး. . အဲ. . ရေစင်ဖိုး ငါးထောင် ပူဇော်ထားတယ်၊ ခုတော့. . ညည်းက ဖင်တောင်မကြွလို့ ဒီပြဿနာတွေ ပေါ်ရတာလေ"

မူးလျှင်. . အမှန်အမြဲပြောလေ့ရှိသော ဝေလင်းသူကြောင့် ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်လေပြီ။

အချိန်းအချက်လုပ်သူက ဝေလင်းသူတစ်ယောက်သာ ဖြစ်


www.burmeseclassic.com

www.burmeseclassic.com


သည်လေ. .။ ရေစင်ဖိုးကို နေလင်းအောင်ဆီမှ ဘယ်သူမှ မသိအောင်ယူ၍ ဒဂါတော်ရေမြှေရှင်စတိုင်လ် ဆက်ခင်းနေသမျှ မိန်းဒဂါပေါ်လာလေတော့သည်။ ဂါဂဲက သဘောခုမှပေါက်သည်။ မျက်နှာကြီး နီသထက်နီလာပြီး အာခေါင်နီကြီးနှင့်. . .

"ဩြော်. . ဒါဆို ဒီနေ့ မင်းက ဒဂါမှမှတ်တာ၊ ဝေလင်းသူမင်းစကား နားမထောင်နိုင်ဘူး၊ ငါ့ဇာတ်ညွှန်းနဲ့ငါ ဆက်ကမယ်. . ညလေး နင်ညာတယ်၊ ဒီကောင်လေးနဲ့ နင် ဘာမှမပတ်ဘူး၊ ဟော့ကောင် ချစ်ဘော် မင်းနဲ့ဘာမှမဆိုင်ဘူး"

"ကိုဂါဂဲ. . ကောင်မလေးကို ထိရဲထိကြည့်"

"အောင်မာ. . မင်းကများ"

"ဟော့!. . အားလုံးရပ်လိုက်. ."

အောင်မြင်သော အာဏာသံနှင့် မိန်းဒဂါတော် ညောင်မြစ်ပျဉ်ကြားမှ ဘွားခနဲ ပေါ်ထွန်းလာလေသည်။

အားလုံး ရပ်သွား၏။ (ဤအရပ်၏ ဒဂါတော် ဓလေ့လည်းဖြစ်သည်။ ရေစင်ဖိုးရှင်းသူ၏ဩဇာ ညောင်းလေ့ရှိသည်။) ခဏရပ်သွား၏။

အရင်ဆုံး စလှုပ်လာသူက ဝေလင်းသူ ဖြစ်၏။

"ငါ. . ငါတို့. . တာဝန်ကျေတယ် ငနေ. . . အဲ. . ကိုနေလင်းအောင် ဒီကလေးမလေးက ခပ်တည်တည်နဲ့ ဆက်ထိုင်နေလို့ အခုလို ရှုပ်ကုန်တာ၊ မင်းဆီ ဖုန်းဆက်ပြီး ညွှန်ကြားချက် တောင်းမလို့ မင်းက ဖုန်းမကိုင်ဘူး၊ ဘာလုပ်နေလဲ. . ."

"ကျနော်ဘာလုပ်လုပ်ဗျာ၊ ခင်ဗျားကိစ္စ မဟုတ်ဘူး"


www.burmeseclassic.com

www.burmeseclassic.com



ဂါဂဲက ဝင်လာပြန်သည်။

"ဒီကောင် ဝေလင်းသူ မင်းဆီက ရေစင်ဘိုးငါးထောင်ယူပြီး သူပဲ ဒဂါတော် ရေမြွေရှင် ဂိုက်စပေါက်နဲ့ ငါတို့ကို အမိန့်ပေးနေတာကို ဘယ်ကောင်မှမကျေနပ်ဘူး၊ ငါတို့ကြိုက်သလို သရုပ်ဆောင်ခွင့်ရှိတယ်၊ မင်းဝင်မရှုပ်နဲ့. . ."

"ဒဂါတော်အစစ်က ကျနော်လေဗျာ၊ ကိုဂါကြီးကလဲ"

အခြေအတင် ဖြစ်နေကြစဉ် အကျီထမီ ဆွဲဆန့်၍ ထပ်မံပေါ် ထွက်လာသော မြစ်ပျဉ်ကြားက သူယောင်မယ် သရဖီက သူညီမခင်နှင်းဆီကို မျက်ရိပ်ပြ၍ အခင်းအကျင်းထဲမှ လစ်ခနဲ ထွက်သွားကြလေတော့သည်။

"ဂလော်!. . ဂလောက်!. . ဂလက်!. . ဝူး!. . ဝှီး!. ."

ဖုံလုံးလေး ဝေ့ကျန်ခဲ့လေသည်။

ဖုံလုံးနှင့်အတူ. . .

အကယ်ဒမီ ဇာတ်ညွှန်း၊ အကယ်ဒမီ ဒါရိုက်တာနှင့် အော်စကာ သရုပ်ဆောင်များသာ ကန်ဘောင်ပေါ် ငေါင်စင်းစင်း ကျန်ခဲ့ကြလေသည်။

"ဟူး!. . လွဲပြန်ပဟ. . ."

နောက်တစ်နေ့၌ "စောက်(သ်)ပေါ်"ကိစ္စ ဝင်လာခြင်း ဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည်...
ဘယ်သန်ဖြစ်သည်။
သူ၏ဘယ်လက်ကို
အနုပညာလုပ်ငန်းနှင့်
သန့်စင်ခန်းအတွက် သုံးသည်။
နှစ်ခုစလုံး
သန့်ရှင်းသောကြောင့်
ဖြစ်သည်...တဲ့။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ဖြစ်ချင်တော့လည်း လွယ်လွယ်ကူကူပင် ဖြစ်သွားလေသည်။ စောက်ပေါ နောက်တစ်ရက်၌ စျေးထိပ်၌ သူမတို့နှင့် မတော်တဆဆုံပြီး နဝရတ်ကဖီး(မျက်နှာချင်းဆိုင် ခုံလေးလုံး)၌ သွားထိုင်ရန် ချိန်းပြီး အရင်ဆုံးရှေ့က မောင်းထွက်လာဖြစ်သည်။ ဆိုင်ကယ်ပေါ်၌ သူ့ဆုတောင်းသံ ထွက်သွား၏။

"လေးယောက်တစ်ဝိုင်း အားနေပါစေ. . ဘုရား"

"ဟား. . ဟား. . ဘုရားတောင် ဆွဲထည့်နေပါလား ငါ့ရှင်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဘော်"

"ပျော်လို့ ပါးစပ်က ထွက်ကျသွားတာကွ၊ ဒီနေ့ အရမ်းလှတယ်ကွာနော်၊ တွဲထိုင်ရရုံနဲ့ကို ဂုဏ်ကျက်သရေအပေါင်း ခညောင်းလိုက်မယ့်ဖြစ်ခြင်း. . ဟင်း. . ဟင်း"

ရင်ခုန်အူမြူးစွာ နဝရတ်ကဖီးသို့ ရောက်လာလေသည်။ သူ့ဆုတောင်းပြည့်သည်။ ဘုရားဖူးခရီးသွားတစ်စု ထအပြန် ဖြစ်နေသည်။ လေးယောက်ဝိုင်းနှစ်ဝိုင်း အားသွားသည်။ အစွန်ကျသောဝိုင်းကို သူက အရင်ပြေးဦးရင်း စားပွဲထိုးမလာခင် စားပွဲကို လိုအပ်သလို ဝိုင်းကူရှင်းပေးသည်။ ရွှေကြိုတူးမာလေးက တားယူရသည်။

"ကျမတို့ ရှင်းပါ့မယ် ပန်းချီဆြာရယ်၊ အေးဆေးထိုင်နေပါ"

သူ့ကို တူးမာက ပန်းချီဆြာဟု ခေါ်လေ့ရှိသည်။ သူကတူးမာကို ငါးမိနစ်ခန့် ထိုင်ကြည့်၍ နောက်နေ့ အိမ်ကနေ ပုံတူမင်ခြစ်ဆွဲ၍ လက်ဆောင်ပေးဖူးသည်။ လက်ဘက်ရည်ဖိုးမရှိသောအခါ နဝရတ်ကဖီးသည် သူ၏ ကတုတ်ကျင်း ဖြစ်လာသည်။ သူ့ မင်ခြစ်လက်ရာကတူသည့်အပြင် လှအောင် သထားသည်လေ။ ထားပါ. . .။

သူ ပျာယာခတ်နေပုံကို နေလင်းအောင်က အမိန့်သား ထိုင်ရှုနေသည်။

"ဟော့ကောင် ငနေ၊ သူတို့လိုက်လာမှာ သေချာရဲ့လားကွာ၊ မင်း ဘယ်လိုသွားပြောလို့ သူတို့က ဘယ်လိုပြန်ပြောလိုက်သလဲ"

အာစရိကို ရေနွေးငှဲ့ပေးရင်း သူက မေးရသည်။ ဒေးယ်ပ်၌ သူကအရင် လှမ်းမြင်ပြီး ဝမ်းသာအားရ လက်ညှိုးထိုးပြ. . ဆိုင်ကယ်ပေါ်က နေလင်းအောင်က ဆင်းသွားပြီး. . စကားပြော ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



လာ. .

"အိုကေ နဝရတ်ကို လိုက်လာမယ်". . တဲ့။

"လာ. . လစ်နှင့်မယ်"

ဒါပဲ သူကသိသည်လေ။ သူ ငှဲ့ပေးသော ရေနွေးကို ပလုတ်ကျင်း၍ ကွမ်းဖတ်ထွေးရင်း နေလင်းအောင်က. . .

"နေလင်းအောင်တို့က မပိုင်ရင် ခြင်ထောင်ထဲကခြင်တောင် အမြီးထောင်အောင် အကိုက်ခံပြီးမှ ရိုက်တာကွ၊ ငှဲ့. . ငှဲ့. . ငှဲ့ မလောမှာ မပူနဲ့. . ငါ့ရှင်"

အဖြစ်မှန်မှာ ကန်ဘောင်ပေါ်က သူ့ဇာတ်ညွှန်း သူ့အခင်းအကျင်းထဲ၌ ချစ်ဘော်လေး ဘယ်လက်နှင့် ခဲသွားကောက်နေစဉ်က သရဖီက သူ့ညီမနှင့် ချစ်ဘော်ကို မိတ်ဆက်ပေးရန် ဇွတ်လုပ်ခဲ့ဖူးသည်။ ဒါရိုက်တာက သူ့ဇာတ်ညွှန်းအတိုင်း ဇွတ်ကခဲ့ခြင်းဖြစ်သည်။ တနေ့ ဈေးဝ၌တွေ့သောအခါ အထွေအထူး ပြောစရာမလိုပါ။

"ညည်းတို့ ငါဘော်ဘော်နဲ့ မိတ်ဆက်ချင်ရင် နဝရတ်လိုက်ခဲ့. . ."

"သွားနှင့်. . လိုက်လာမယ်"

ခင်နှင်းဆီကိုယ်တိုင်က ပြောလိုက်ခြင်း ဖြစ်သည်။ သရဖီကို ခင်နှင်းဆီက ဦးဆောင်နိုင်ပုံရသည်။ ဒီထက် သေချာတာမရှိ၊ ဒါပေသိ. . သည်နေရာမှာ နေလင်းအောင် အသားယူရမည်။ သူရွှေ့သော အကွက် ဖြစ်ရမည်။

"အေးကွ. . အချစ်နဲ့တွေ့ရင် လူတွေဟာ ကဗျာဆရာ ဖြစ်သွားတယ်လို့ပဲ ကြားဖူးတာ၊ ချစ်ဘော် မင်းကျမှ. . ."



www.burmeseclassic.com

www.burmeseclassic.com



မင်းကျမ်ဆိုပြီး စကားထိုးရပ်ထားသည်။ သူကသွားဖြီး၍. .

"ငါ့ကျမ် ဘာဖြစ်သွားသလဲ"

ခပ်ဆတ်ဆတ် စကားလုံးနှင့် အုပ်တော့မည်ကို သိသိကြီးနှင့် ကျေးဇူးရှင်ကို မေးရခြင်းဖြစ်သည်။

"မင်းကျမ်. . အဲ. . အမဲသားမစားဘူးပဲ နွားမြင်လို့ လက်ညှိုးထိုးတယ် ဆိုတဲ့စကားနဲ့လည်း မလိုက်ဘူးကွ၊ ငါ့ကျေးဇူးနဲ့ မင်းရှုးဖူးတယ်လို့ ပြောရင်ကော"

"အေး. . အဲဒါ ကဗျာဆန်တယ်၊ ဟိုမယ်. . လာပြီ ဆြာနေ"

သူ အသံတွေတုန်၍ ခြေဖျားလက်ဖျားတွေ အေးလာသည်။ ရင်တွေလည်း ခုန်လာသည်။ ဆိုင်ကယ်ပေါ်က ဆင်း၍ ဆံပင်သပ် အကျီဆွဲချ လုပ်နေပြီ။

"ဟော့ကောင် ချစ်ဘော် အဲဒီမှာထိုင်၊ တစ်တွဲစီဖြစ်အောင် မိတ်ဆက်ပြီးရင် ကိုယ့်အတွဲနဲ့ကိုယ် စကားပြောဖြစ်အောင်"

ပြောပြောဆိုဆို နေလင်းအောင်က လက်ထောင်၍ သွားဖြီးပြသည်။ တစ်ဆိုင်လုံး အကြည့်နှင့်အတူ သူတို့စားပွဲဆီ အရှေ့အနောက် မော်ဒယ်နှစ်ပါး ဘွားခနဲ ဝင်လာ၏။ သူက ရေနွေးခွက်ကို ခပ်ကြောင်ကြောင် ကိုင်ထား၏။

သရဖီနှင့် ခင်နှင်းဆီ၏ ဝတ်စားသွင်ပြင်နှင့်ဒီဇိုင်းက ပြောင်းပြန်ဖြစ်နေလောက်အောင် ကွဲပြားနေ၏။ အာရှနှင့် ဥရောပ ယှဉ်ပြီသလို ဖြစ်နေ၏။ မတ်တပ်ရပ်၍ကြိုရင်း နေလင်းအောင်က သို့ရင်းကို ပြောသည်။

"သရဖီနဲ့ ခင်နှင်းဆီတဲ့ ချစ်ဘော်၊ ကဲ. . ဒါက ကိုနေ အချစ်



www.burmeseclassic.com

www.burmeseclassic.com


ဆုံးဘော်ဘော် ချစ်ရင်ထူး(ခေါ်)ချစ်ဘော်ပဲ"

ခင်နှင်းဆီက ဘိုဆန်ဆန် အနီးဝင်ရပ်ရင်း လက်ကမ်းပေးသည်။ သူ့လက်က မအားၫ ထင်မှတ်မထား၍ ရေနွေးခွက်ပြန်အချ ခါတ်ဗူးနှင့် ဝင်တိုက်ပြီး လက်ပေါ် ဖိတ်ကျကုန်သည်။

"အား!. . ပူလိုက်တာဗျာ"

တော်တော်ပူပူကြီးမို့ ရဲခနဲ လက်ရောမျက်နှာပါ ပူသွား၏။ တစ်ရှူးနှင့် လက်ကိုသုတ်နေစဉ် ကမ်းလာသော လက်ကလေး ပြန်ရုတ်သွား၏။ မကိုင်လိုက်ရ. . .။

"ကဲ. . ဘာစားကြမလဲရှင်"

တူးမာလေး လာရပ်၍ မေးခြင်းဖြစ်သည်။ နန်းကြီးသုတ်နှင့် ကော်ဖီလက်ဘက်ရည်များ မှာလိုက်ကြသည်။ သရဖီက လူလဲထိုင်မည် တကဲကဲ လုပ်နေ၍ နေလင်းအောင် ဖျောင်းဖြရပြန်သည်။

"ဖိနဲ့ကိုယ်က သပ်သပ်ပြောစရာရှိတယ်၊ သူတို့လည်း ခင်ခါ ဆိုတော့ လွတ်လွတ်လပ်လပ် ပြောပါစေ ဖိရယ်"

"သူများတွေက တစ်မျိုးထင်သွားမှာပေါ့"

"ထင်သွားတော့ ဘယ်လိုပြဿနာ ဖြစ်လာနိုင်လို့လဲ"

"အိမ်က အဖေနဲ့အမေကို ပြန်ပြောရင် ဘယ်လိုလုပ်မလဲ"

"အိမ်ကဆူရင် ခိုးရာလိုက်ပေါ့၊ လာခိုးမယ်"

"မိကောင်းဖခင် သားသမီးဆိုတာ ခိုးရာ ဘယ်တော့မှမလိုက်ဘူး"

နေလင်းအောင်တို့အတွဲကို နှစ်ယောက်သား ဒီဘက်ကနေ ကြည့်နေမိကြသည်။ ဘာစကား စပြောရပါ့ဟုလည်း တွေးချိန်ရနေ


www.burmeseclassic.com

www.burmeseclassic.com


သည်။ ခင်နှင်းဆီကို သူ စေ့စေ့မကြည့်ရဲအောင်ပင် ရင်တုန်နေ၍လည်း ဖြစ်သည်။ မသိမသာ ကြည့်မိသော ဘေးတိုက်မျက်နှာလေးက နူဥနေသည်. . ။ မွှေးကြိုင်လို့. . ။ တစ်ဆိုင်လုံးက သူ့ကိုအားကျသော အကြည့်တွေနှင့် ကြည့်နေကြမှာ သေချာသည်။

"သူက စောက်သိပေါ်နော်"

"ဗျာ!. ."

သူ့ခေါင်းထဲ တအုံနွေးနွေးဖြစ်နေသောကိစ္စ ရှင်းခနဲ ဖြစ်သွားသည်။

"ဩော်. . မင်းကိုး၊ ဟုတ်တယ်. . ကိုယ်က ဘယ်သန်"

"အွန်. . ထမင်းစားတော့ကော အဲဒီလက်နဲ့ပဲလား"

"ဘာလုပ်မလို့ မေးတာလဲ"

"အိမ်သာဝင်တဲ့လက်နဲ့ အတူတူ ဖြစ်နေမလားလို့"

"အတူတူ ဖြစ်နေတော့ကော ဘာဖြစ်လဲ၊ လိုက်ဘွိုင်ဆပ်ပြာက ပိုးဆယ်မျိုးသေတယ်တဲ့၊ အဲဒါသုံးတယ်လေ"

"ရွှံစရာကြီး. . ."

ပုခုံးလေး လှုလှုပပ တွန့်ပြလေသည်။ ရွှံပုံလေးက ချစ်စရာပင်ကောင်းသေး၊ အစားအသောက်တွေ ရောက်လာသည်။

တူးမာက သူ့ပန်းကန်ကမ်းရင်း. . .

"ဒါက ပန်းချီဆြာပန်းကန် ငရုတ်သီး မပါဘူး၊ သံပုရာသီး တစ်စိပ် ညှစ်ပြီးသား နယ်ပြီးသား"

ချစ်ခင်စဖွယ် မျက်နှာထားနှင့် တစ်တစ်ရစ်ရစ်ရှိသော တူးမာကို ခင်နှင်းဆီ အကဲခတ်ရင်း ပြုံးသည်။ ဂျေလည်း နည်းနည်းပါသော


www.burmeseclassic.com

www.burmeseclassic.com


အပြုံးဖြစ်မည်ထင်။(ဂျေ-ဂျေလပ်ဇီ-သဝန်တိုးခြင်း)

သူက ဘာမှဆက်မပြောတော့ပဲ ဆာဆာနှင့် ပလုတ်ပလောင်း စားဖြစ်နေတော့သည်။ သူ့အကြိုက်ကို တူးမာကလည်း အလိုက်တသိ လုပ်ပေးထားသည်လေ။

"အွန်!. . ဖွန်းကျတော့ ညာဘက်လက်နဲ့ ကိုင်သလား"

"ဝုတ်တယ်. . ၊ တို့က ဘယ်လက်ကို အနုပညာနဲ့ သန့်စင်ခန်းမှာပဲ သုံးတယ်"

"ဘယ်လို"

"နှစ်ခုစလုံးက သန့်စင်လို့"

"စကားပြောပုံကတော့ သိပ်မနိမ့်ပါလား"

"တို့က. . ဘယ်သန်ပေမယ့်. . အဲ. . စောက်ပေါ်ပေမယ့် အရာရာကို အလေးအနက် ထားတယ်"

"ကိုယ်ရည်သွေးတတ်ပုံလည်းရတယ်၊ ဟင်း. . ဟင်း. . တို့ကတော့ ဘာမဆို ပေါ့ပေါ့ပါးပါးပဲ သဘောထားတယ်၊ အလေးအနက်ထားရင် ဦးနှောက်စားတယ်"

သူ ထင်ထားသလို မဟုတ်ကြောင်း စသိရခြင်း ဖြစ်သည်။ ဒီဗိုင်းနဲ့တော့ လိုက်ပါပေ့ဟု တွေးမိသည်။ စားသောက်နေပုံကတော့ အင်မတန် သပ်ရပ်နေပြန်သည်။ သူ့ဂျ စေ့စေ့ပင် စောင်းကြည့်၍. .

"မခင်နှင်းဆီက ဘာဝါသနာပါလဲ"

"ဘာဝါသနာပါမှန်း ကိုယ့်ဟာကိုယ်မသိတာ"

"ဖြစ်တတ်ပါတယ်၊ လူငယ်တွေ လေလို့ကောင်းတဲ့ ခေတ်ကြီးပဲဟာကို"


www.burmeseclassic.com

www.burmeseclassic.com



ပုခုံးကို လှုပရုံလေးတွန့်၍. .

"ဟာဟ. . ခေတ်နဲ့ကို ကိုင်ပေါက်တော့တာကိုး၊ စပ်စုမယ်နော်. . ဘယ်နှတန်းလဲ"

"ဆယ့်သုံးတန်း"

"ယူကရော ဘာဝါသနာပါလဲ"

"ကဗျာ၊ ပန်းချီနဲ့ နိုင်ငံရေး"

"အွန်!. ."

အံ့ဩသောအမူအယာနှင့် တည့်တည့်ငဲ့ကြည့်သည်။ စားလက်စမို့ နှုတ်ခမ်းက မုန့်ဖတ်လေးကို လျှာနှင့်သိမ်းရင်း. . .

"ဝါသနာက အဆန်းပဲ"

"ဘာများဆန်းနေလို့လဲ"

"ကဗျာနဲ့ ပန်းချီကတော့ မဆန်းပါဘူး၊ နိုင်ငံရေး ဆိုတာက ဆန်းနေလို့ပါ"

တော်တော့်ကို နိမ့်နိမ့်ကလေးမှန်း ထပ်သိလိုက်ရပြန်သည်။

"နိုင်ငံသား လူငယ်တစ်ယောက် နိုင်ငံရေး ဝါသနာပါတာ ဘာများဆန်းလို့လဲ"

"လူငယ်တစ်ယောက်ဖြစ်လို့ ဆန်းနေတာပေါ့၊ နိုင်ငံရေးဆိုတာ လူကြီးတွေလုပ်တဲ့ အလုပ်ပဲဟာကို၊ ထောင်မကြောက် တန်းမကြောက် ရှင့်လိုလက်တောက်လောက်က ဝါသနာပါစရာလား"

တော်တော့်ကို စိတ်ကုန်သွားစေနိုင်သော အသိဉာဏ် နိမ့်ပါးလွန်းသူလေးပါလား။ သူ မသိမသာ ခေါင်းခါလိုက်မိသည်အခိုက်. . ။

စောစောက. . သာယာကြည်နူး ရင်ခုန်ပူးယာခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သောစိတ်ကလေး ဘယ်ဂယ်ပေါက်ကနေ ရုတ်ခနဲ ထွက်ပြေးသွားသည် မသိတော့ပါပြီ။ တရားဟောချင်လာသည်၊ ရှင်းပြချင်လာသည်။

ဒါကို ရိပ်မိသော နေလင်းအောင်က. . .

"ဟော့ကောင် ချစ်ဘော် မိတ်ဆွေဖြစ်ခါစတွေကွာ၊ မိတ်အကြောင်းပဲ ခေါင်းထဲထည့်စမ်းပါ၊ မိတ်နဲ့ဆွေနဲ့ သင်းအောင် နေစမ်းပါသယ်ချင်းရာ. . မုန့်လည်း ကုန်အောင်စားပါဦး၊ ကော်ဖီတွေလည်း အေးကုန်တော့မယ်"

ပြောရင်း. . မျက်မှောင်ကျုံ့ပြသည်။ နိုင်ငံရေးစကား သူ စတော့မည်ကို သိနေ၍ လှမ်းသတိပေးခြင်း ဖြစ်သည်။ မိတ်အကြောင်းနှင့် မိတ်နဲ့ဆိုတာကို သူနှင့် နေလင်းအောင်သာသိသည်။

အေးလေ. . သူတို့အတွဲကို အားနာရမည်။ သူ့နှန်းကြီးသုတ်ပန်းကန်ကိုသာ အာရုံပြန်ထည့်လိုက်သည်။ အာရုံထည့်၍ လက်စသပ်စားနေရာမှ အာရုံထဲ နေလင်းအောင်ပြောသော မိတ်နဲ့က ဝင်လာသည်။ သူ အသက်တဝ ရှူသွင်းဖူးသော သူမ၏ အနီးကပ်မိတ်နံ့. . အဲ. . ကိုယ်သင်းရနံ့နှင့် အမွှေးရနံ့ ဖြစ်ပါသည်။

စောစောက. . သူမ၏ အသိဉာဏ်နိမ့်ပါးတာတွေ စိတ်ကုန်သွားတာတွေ. . ဘယ်ဂယ်ပေါက်က ဘယ်လိုခြေအစုန်နဲ့ ကစုန်စိုင်းသွားမှန်း မသိတော့ပြန်။

အို!. . . ရင်ခုန်ယောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြောမထွက်ဘူး
ရင်ထဲကစကားတွေ....
အတောင့်လိုက်ကြီး
ချစ်သူရေ....
ဖွင့်ပြောရမယ့်
စကားတစ်လုံးဟာ
အုတ်နီခဲတစ်လုံးသာဖြစ်မယ်ဆိုရင်
လေးထပ်တိုက်တစ်လုံးဆောက်လို့ရတယ်...
အဲ့...ကိုယ့်နှလုံးသားအံဖတ်တွေနဲ့....။ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ယရဖိက လူသူကြားထဲ စားသောက်ဆိုင်ထိုင်လေ့မရှိမှန်း သိသာသည်။ မျက်စိသူငယ် နားသူငယ်နှင့် ကျိုးကန်းတောင်းမှောက် ဖြစ်နေသည်။ ခင်နှင်းဆီ ခေါ်ဆောင်နိုင်လွန်း၍သာ လိုက်လာရပုံက ထင်းနေ၏။

နေလင်းအောင်ရော သူမပါ အစားအသောက်က မနေရာမ ယွင်းသေး။ သူနှင့် သူမက လက်စသပ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကိုကိုနဲ့မမ ပါဆယ်သာ ထုတ်လိုက်ကြတော့၊ မြို့အဝင်က ဆည်မြောင်းကန်ပေါင်ကို နှင်းဆီ သွားချင်နေတာကြာပြီ. .၊ ဘဘနဲ့ကြီးမေ နေ့ဆွမ်းကပ်ပြီးမှ ပြန်လာမှာ. . သွားရအောင်၊ ဒီမှာ ရှင်းမယ်. ."

အတင်းပင် ခင်နှင်းဆီက ရှင်းသည်။ သူနှင့် နေလင်းအောင်က တူးမာကို ခင်နှင်းဆီ,ဆီက မယူဖို့ တားသည်။

"မြန်မာပြည်မှာ ကောင်လေးနဲ့ကောင်မလေး စားသောက်ဆိုင်ထိုင်ရင် ကောင်လေးကပဲ အမြဲရှင်းရမယ်လို့ ရိုးရာဓလေ့ရှိတာ သိပါတယ်၊ ခင်နှင်းဆီက အဲဒီရိုးရာထဲ မပါဘူး၊ ဒီထက်ဈေးကြီးတဲ့ဆိုင်မှာ နောက်တစ်ခါ ကြုံဖြစ်သေးတယ်ဆိုရင် ရှင်တို့ရှင်း ဒါပဲ၊ ရော့ ဒီကယူ. . ."

နေလင်းအောင် မျက်ခုံးပင့်၍ သူ့ကို လှမ်းကြည့်သည်။

ပိုက်ဆံအိတ်ထုတ်သည်။ ပက်ကင်အုပ် ဖြည်ခါစ ဖြစ်ပုံရသည့် အသစ်ငါးထောင်တန်ကို အပြားလိုက် ထည့်ထားသည်။

"ဘယ်လောက်လဲ"

"ဒါတွေက စားလည်းမစားဘူး"

"ပါဆယ်ထုတ်လိုက် ဝက်သားပေါင်းနဲ့ ကိုကာကိုလာလေး ဗူးပါ ထပ်ထည့်ပေးပါ"

"ကောင်းပါပြီရှင်"

ပြန်အမ်းငွေကို စားပွဲထိုး ကလေးငယ်လေးအား ဆုလိုက်ပြောပြီး ဆိုင်ကယ်နှစ်စီး ပါဆယ်ထုပ်များနှင့် မောင်းထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ ရှေ့ကမောင်းနေသည်။ နေလင်းအောင်က ခပ်ခွာခွာလိုက်ရင်း. . .

"မင်းကွာ. . ဒီပွဲမှာ နိုင်ငံရေးလုံးဝမပါကြေး လုပ်ပေးပါကွာ၊ မင်းကောင်မလေးက လုံးဝဝါသနာပါပုံမရဘူး၊ သူ ပြောသလို မင်းက လက်တောင့်လောက်ပဲ ရှိသေးတာ. . ဟင်း. . ဟင်း"

"အေးပါကွာ၊ ငါက အတွေးတူ ခံယူချက်တူ နေချင်လို့ပါ"

"မိတ်ရေးမိတ်ရာက ပိုအရေးကြီးပါတယ်. . သယ်ချင်းရာ၊ မိတ်ကိစ္စမှာ မျိုးချစ်စိတ်ထက် မိတ်ချစ်စိတ်ကို ဦးစားပေးစမ်းပါ၊ ဟိုရောက်ရင် နှစ်တွဲစီဖြစ်အောင် ငါ ဇာတ်ညွှန်းရေးမယ်"

လာပြန်ပြီ ဒီဇာတ်ညွှန်းဟု ပြောချင်သော်လည်း ပြန်မျိုချလိုက်ရပါသည်။ မိတ်ကိစ္စက အရေးကြီးနေတာလည်း မှန်နေသည်ကိုးလေ. . ။

နှစ်တွဲချင်းဆို ငါ ဘာစပြောမလဲဟုသာ စကားလုံးစီနေမိတော့သည်။ နှစ်ယောက်ထဲဆိုဟု. . တွေးရင်း. . ရင်တွေကလည်း တုန်ခါလာနေပြန်ပါသည်။

မြို့အထွက်က ဆည်မြောင်းပေါင်ပေါ်၌ ရပ်စောင့်နေသော သူမတို့နံဘေး ဆိုင်ကယ်ထိုးရပ်လိုက်သည်။

ခင်နှင်းဆီက အသက်ရှူလေ့ကျင့်ခန်းကို ဘယ်သူမှရှိမနေသလို အေးအေးဆေးဆေး လှုလှုပပ အချိုးကျကျ လုပ်နေသည်။

စားစရာ ပါဆယ်တွေကို နေလင်းအောင်က ဆိုင်ကယ်ခြင်းထဲက ထုတ်ယူရင်း သရဖီနှင့် တီးတိုးစကား ပြောနေသည်။

သူက အေရိုးဗစ်ဆန်ဆန် ကစားနေသော သူမ၏ ကျော



www.burmeseclassic.com

www.burmeseclassic.com



အလှကို ဘေးတိုက်နေရင်း သမာဓိရှိ ရှိုးနေမိသည်။ သူမ ပြန်လှည့်လာလျှင် ဆည်မြောင်းရေပြင်ဆီ အကြည့်ပို့ရန် အဆင်သင့် အနေအထား ဖြစ်သည်။

"ရော့.. ချစ်ဘော်၊ ဝက်သားပေါင်းနဲ့ ကိုလာကိုလာ နှစ်ဗူး ယူပြီး ခင်နှင်းဆီ လေ့ကျင့်ခန်းပြီးတဲ့အထိ စောင့်ပြီးကျွေးလိုက်.. ငါတို့ ဟိုးက ကုက္ကိုလ်ပင်ခြေရင်းမှာ နန်းကြီးသုတ် သွားစားမယ်"

သူက လှမ်းယူသည်။ ဗူးတွေ ကိုယ်စီကိုင်၍ ဘောင်ပေါ်မှ လက်တွဲ၍ ကုက္ကိုလ်ပင်ဆီ ပြေးဆင်းသွားသော မြန်မာဆန်ဆန် ကောင်မလေးနှင့် မိတ်နှံ့ခံ ဇာတ်ညွှန်းဆရာကို ငေးကြည့်နေဖြစ် သေးသည်။

ပူနွေးနွေး ဝက်သားပေါင်းဗူးနှင့် အေးစက်စက် အအေးဗူး များက လက်တစ်ဖက်စီမှာ ရှိနေသည်။ ဆန့်ကျင်ဘက် ဒွန်တွဲနေသော လောကသဘောဟု.. မနော၌ ခင်ခြင်ရင်း ဆန့်ကျင်ဘက် လေးကို အသေအချာ ငေးကြည့်နေမိစဉ်...

အင်း.. တစ်ရစ်တင်းရင်းလေးပါလားဟု တရားသဘော သပွေရဉ်ဝင်နေမိစဉ်. ..နောက်လှည့်အမိန့်မပါပဲ ဖြတ်ခနဲ စစ်တပ် လှည့် လှည့်လာသည်။

အယ်!.. ငါ့အကြည့် တန်းမိပဟ။

ဆည်မြောင်းရေပြင်ဆီ မရောက်တော့သော အကြည့်တို့ သူမမျက်နှာဆီပို့ပြီး သွားဖြီးပြလိုက်ရလေသည်။

"ဟီး.. ဟီး.. မောသွားပလား၊ အအေးဗူး ဖောက်လိုက် မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို. . . ဗူးတွေ ကွန်ကရီဘောင်ပေါ် ချ၍ ပိပိ ပြားပြား ထိုင်ချရင်း ကိုလာဗူးဖောက်ပြီး လက်တစ်ဖက်နှင့် ကိုင် မြှောက်. . ကျန်လက်က မြှောက်ထားသော လက်မောင်းကို ကိုင်၍ ခေါင်းငုံ့ကမ်းလိုက်သည်။

သူမလှမ်းယူရင်း. . .

"ဟင်း. . ဟင်း. . ခင်နှင်းဆီတို့ ချက်ချင်းကို ရုံရွှေတော် တွေဘာတွေ ရနေပါပေါ့လား. . ဟာဟ"

အနေအထားက သူမပြောချလိုက်သလိုကြီးကို ဖြစ်သွား သည်။ အမှန်က သည်နေရာတွင် လွတ်လွတ်ကျွတ်ကျွတ် ထိုင်ချင် တာရယ်၊ သူမ ကိုယ်လုံးအလှကို ငမ်းနေမိတာ လူမိသွားတာရယ် ကြောင့် ရှက်ရမ်းရမ်း၍ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းသာ ဖြစ်သည်။

သူ့ကဗျာဉာဉ်ကလည်း ချက်ချင်းပေါ်ထွက်လာသည်။

"လူကို လက်တောင့်လောက်လို့ ပြောပြီးခဲ့ပြီပဲဗျာ. . ၊ ရုံရွှေ တော်ဆိုတဲ့စကားက ယဉ်ကျေးလွန်းပါတယ်၊ ငယ်ကျွန်ကြီးလို့ သုံး လည်း ရပါတယ်"

အအေးဗူးကို မော့သောက်ရင်း ပြုံး၍. . .

"ကိုင်ဇာရဲ့ သီချင်းဟောင်းတစ်ပုဒ်ထဲက စကားလုံးဆို ပို တောင်ကောင်းသေးတယ်"

"ဘာပါလိမ့် မခင်နှင်းဆီ"

"ကိုယ်ရံတော် တပ်မှူးလေးလေ. . ဟင်း. . ဟင်း"

သူအံ့ဩသွားသည်။ သည်သီချင်းကို သည်ခေတ်ကောင်မ လေးတွေ သိပ်မသိကြ၊ ကိုင်ဇာတောင် သိသူခပ်ရှားရှားမို့ပါ။



www.burmeseclassic.com

www.burmeseclassic.com


"ကိုင်ဇာသီချင်းထဲက မင်းကြိုက်တာ ဘာရှိသေးလဲ"

"မနိုးပါစေနဲ့ မိုးရယ် . . အကြိုက်ဆုံးပဲ၊ ဒါပေမယ့် . . ဂျပန်သီချင်းကို မြန်မာစာသား ထည့်ထားတာ"

ဒီကောင်မလေး ဘာလဲဟ၊ ဘယ်လိုများ သိနေရတာလဲ။

"မင်းပြောတော့ ဘာဝါသနာပါမှန်း မသိဘူးဆို၊ သီချင်းတော့ ဝါသနာပါသားပဲ"

"ဒါ ဝါသနာမှမှတ်တာ၊ စုံအောင်နားထောင်မိလို့ သိနေတဲ့ ဥစ္စာပဲ"

"ဒါဆို မြန်မာပြည်မှာ အကြိုက်ဆုံးအဆိုတော်"

"တွံတေးသိန်းတန်"

"အွန်! . ."

အွန်ခနဲနင်ပြီး သူမကို လှမ်းကြည့်လိုက်မိသည်။ သူမကလည်း သူ့အနီးထိုင်ချ၍ ခပ်ပြုံးပြုံး ပြန်ကြည့်သည်။

"ဘာလို့ အံ့ဩတဲ့အမူအယာကြီး ဖြစ်သွားတာလဲ"

"ဗိုလ်တွန်က ကန်းထရီး . . အဲ . . မြန်မာ့ကျေးလက် အဆိုတော်ကြီးလေ၊ မင်းဒီဇိုင်းနဲ့ ဘယ်လိုပြောမလဲ . . ဘယ်လိုမှ မအပ်စပ်လို့ အံ့ဩသွားတာပါ"

ဘာမှပြန်မပြောပဲ ရယ်ရင်း ချောင်းကိုကြည့်၍ အအေးစုပ်နေသည်။ သူမကို လှလှပပ ပေါ့တော့တော့ ကောင်မလေးဟု ယူဆရ ခက်နေပြန်၏။

"ကိုချစ်ဘော်က လူတွေကို အဝတ်အစား အပြင်အဆင် အပေါ်ယံ အခွံအကာကိုကြည့်ပြီး ဆုံးဖြတ်တဲ့ အလေ့အထ ရှိပုံရ


www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဟာ! . . ဆော်ပဟာ . . ။

"အဲလိုလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် များသောအားဖြင့် ဝတ်စားသွင်ပြင်ဟာ အတွင်းစိတ်ကို ထင်ဟပ်နေတယ်လေ၊ ဘယ်လိုပြောမလဲ . . အဲ . ."

သူ . . အဲ၌ ထိုးရပ်နေစဉ် . . .

"ဒါဆို ဗိုလ်ချုပ်ဝတ်စားပုံက ဖြစ်ကတတ်ဆန်းပဲ၊ တောက တက်လာတဲ့ အင်းသူကြီး သားကမှ သူ့ထက်စတိုင်လ်ထွားသေး တယ်၊ ဘယ်လိုပြောမလဲ . . အဲ . . ဆိုတဲ့လူ၊ ကဲ . . ဘယ်လိုပြောမ လဲ"

ဒီကလေးမ သိပ်မပေါ့ကြောင်း တဖြည်းဖြည်း သိလာနေ၍ သူ စကားလုံးစီနေစဉ် အိတ်ကပ်ထဲက ဖုန်းမြည်လာသည်။

ဟူး . . တော်သေးရဲ့ . . ။

နေလင်းအောင် နံပါတ် . . ။

"ခဏနော် . ."

သူ ခပ်လှမ်းလှမ်းထိလျှောက်ရင်း ငတကို ရှာသည်။

ကုက္ကိုလ်ပင်ဟိုဘက်မှာ ဖြစ်မည်။ လူမတွေ့ရ။

"ဟော့ကောင် ဘာလဲဟ"

"မင်းတို့ ပြောနေတာတွေ လေအောက်က အကုန်ကြားနေ ရတယ်၊ အမိက မိတ်စကား ပြောရမှာလေကွာ၊ ခေါင်းစဉ်ပြောင်း ပါ . ."

တဟီးဟီး ရီနေသော သရဖီအသံကို ခပ်ပါးပါး ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဟုတ်ပြီ. . ၊ သူမအကြောင်း မေးကြည့်ခြင်းဖြင့် ခေါင်းစဉ်
ပြောင်းရမည်။

ထိုင်ထိုင်ချင်းပင် အအေးဗူး သူ့အတွက်ဖွင့်ရင်း ပိုက်နှင့်
တော့ကာ. . .

"မခင်နှင်းဆီက ရန်ကုန်က လာလည်တာနော်"

"ပျော်ရင်လည်း ဒီမှာပဲ တစ်သက်လုံး နေချင်နေမှာ"

"ရန်ကုန်မှာ လွမ်းရမယ့်သူ ဒါမှမဟုတ် လွမ်းကျန်နေမယ့်သူ
ရှိဘူးလား"

"ဟင်း. . ဟင်း. . ဟိ. . ဟိ. ."

"ဘာရယ်တာလဲဗျ"

"ရည်းစားရှိလားလို့ တိုက်ရိုက်မေးလည်း ဖြေမှာပါရှင့်. .
ဟင်း. . ဟင်း"

"မမေးရဲလို့ပေါ့ဗျာ"

"အခု မေးလို့ရနေပြီလေ"

သူ့ပါးစပ်က သည်လောက်မရဲတင်းမှန်း. . သူ့ဟာသူသိ
သည်။ နှုတ်ဆွံ့နေပြန်၏။

သည်ကလေးမ ပွင့်လင်းချက်က သူ ဘယ်လိုမှလိုက်မမီ။

"ကဲ. . . မေးပြီဗျာ"

သူမေးပြီး ခေါင်းကြီးငုံ့ရင်း အအေးဗူး စုပ်နေမိသည်။

တစ်ငုံ. .

နှစ်ငုံ. .



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးငုံ . .

ငုံ . . ငုံ . . .

ဘယ်နှငုံမှန်း မသိတော့ . . ကုန်တော့မည်။

ဝုတ်တံလေးက ပြွတ်ပြွတ်လေသံ ထွက်လာသည်။ ကုန်သွားပြီ။

ဘယ်လိုများ ဖြေမလဲ . . ဘယ်လိုများ ဖြေမလဲ၊ ရင်တဒိတ်ဒိတ် . .။

သူမဆီက ဘာဖြေသံမှ ထွက်မလာ . .။

ဗူးကိုပစ်ချ၍ . .

"ကျနော် မခင်နှင်းဆီအဖြေကို စောင့်နေတာလေ"

"ရှန်! . . ကျွန်မလည်း ရှင့်အမေးကို စောင့်နေတာလေ၊ ကဲ မေးပြီဗျာဆိုလို့ . . ရှင် ဘာမေးမလဲလို့ ကျမလည်း စောင့်နေတာပဲ"

"ဟာ! . . ခက်တော့နေပြီ"

ခဏကြာသွားပြန်သည်။

သူမက ကြိတ်ရယ်ရင်း . . .

"အဲ့ဒါ မေးခွန်းမဟုတ်ဘူးနော်၊ ဘာက ခက်နေတာလဲ"

"ခင်ဗျားပဲ စောစောက ရည်းစားရှိလားလို့ တိုက်ရိုက်မေးလည်း ဖြေမှာပေါ့ရှင်ဆိုလို့ ကျနော်က မမေးရဲလို့ပေါ့ဗျာဆိုတော့ အခု မေးလို့ရနေပြီလေလို့ ပြန်ပြောခဲ့တယ်လေ . .၊

ကျနော်က မေးပြီဗျာဆိုတော့လည်း အအေးဗူးကုန်တဲ့အထိ ခင်ဗျားလေးမဖြေဘူး၊ ခင်ဗျား ကျုပ်ကို တောသားဆိုပြီး ဇာတ်လည် ကြောင်ပတ် လုပ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩ. . ဝေ့လည်ကြောင်ပတ် ဖြစ်နေတာက ရှင်ကိုယ်တိုင်ပဲ၊ ရှင့်ပါးစပ်ကနေ မခင်နှင်းဆီ ခင်ဗျားမှာ ရည်းစားရှိလားဆိုတဲ့ စကားစု ဘယ်တုန်းကပြောသေးလို့လဲ. . ကဲ. ."

အဲ. . ဟုတ်ပေသားပဲ။ သူ့ပါးစပ်က သည်မေးခွန်း မေးမှ မမေးရသေးပါကလား။ ဝေ့လည်၍ တိုင်ပတ်နေသည်က သူကိုယ်တိုင်ပါလားလေ။

"မခင်နှင်းဆီ. . ခင်. . ခင်ဗျားမှာ ချစ်သူရှိလား"

"အများကြီးပဲ. ."

"ဗျာ!. ."

"မယုံလို့လား၊ အဲဒါ မှသားမပါဘူး အမှန်ပြောတာ၊ ကျမကို ချစ်တဲ့သူတွေလည်း အများကြီးပဲ၊ ကျမက ချစ်တဲ့သူတွေလည်း အများကြီးပဲ"

သူမအဖြေကို သူမကိုယ်တိုင် သဘောကျသလို ရယ်နေပြန်သည်။

သူ ဘာဆက်ပြောရင် ကောင်းမလဲဟု စဉ်းစားရင်း နှမြောတသစိတ်က နည်းနည်းဝင်လာနေသည်။

အေးလေ. . ဒီလောက်လှတဲ့ ကောင်မလေး၊ ဒီလောက် ခြယ်မှုန်းပြင်ဆင် ဝတ်စားတတ်တဲ့ ကောင်မလေး ရည်းစားများတာ မဆန်းပါဘူးဟု ဆက်တွေးရင်း ဝမ်းနည်းသလိုလိုကြီး ဖြစ်လာနေပြန်သည်။

သူမက ရယ်နေသည်။ ရယ်ရာမှ အရယ်ရပ်၍. . .

"ဘာလဲ. . ၊ ကျမကို ချစ်တဲ့သူတွေထဲမှာ ရှင်ဆိုတဲ့ ကိုချစ်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထူး (ခေါ်) ကိုချစ်ဘော်လည်း တစ်ယောက်ပါချင်နေလို့လား

"ဟုတ်တယ်ဗျာ. . ပါချင်တယ်၊ ဒါပေမယ့် ခင်ဗျားရည်းစား ဒီလောက်များနေမှန်း သိလာတော့. . ဘယ်လိုလုပ် ပါချင်တော့မှာ လည်း၊ ကျုပ်က အချစ်ကို လေးလေးနက်နက် တန်ဖိုးထားတာဗျ ကျုပ်ချစ်သူကလည်း ကျုပ်ကို လေးလေးနက်နက် ပြန်ချစ်တာကို လိုချင်တာဗျ၊ ခင်ဗျားနဲ့ကျုပ်နဲ့ ဖြစ်ပါဘူး. ."

ဟက်ဟက်ပက်ပက် လှလှပပ ရယ်ပါလေတော့သည်။

"ခင်ဗျားလေး ကျုပ်ကို လှောင်ပြောင်နေတာလား"

"သဘောကျလို့ရယ်တာ လှောင်တာမှုတ်ဘူး၊ ရှင့်မေးခွန်းကိုပဲ ရှင်ပြန်စဉ်းစားပါဦး၊ ခင်ဗျားမှာ ချစ်သူရှိလားတဲ့၊ တကယ်က ရည်းစားရှိလားလို့ မေးရမှာ. . ၊ ကဗျာဝါသနာပါသတဲ့၊ ဆယ်သုံးတန်းတဲ့၊ မြန်မာစာ မြန်မာစကားတောင် နားမလည်သေးဘူး"

သူ ကြောင်တောင်တောင် ဖြစ်သွားသည်။

"ချစ်သူနဲ့ရည်းစား မတူဘူးလား"

"ဘယ်လိုလုပ်တူမှာလဲ၊ ချစ်သူဆိုတာ ကျမအဖေလည်း ဖြစ်နိုင်တာပဲ၊ ကျမအဖိုးလည်း ဖြစ်နိုင်တာပဲ၊ ကျမအမေလည်း ဖြစ်နိုင်တာပဲ၊ ကျမသူငယ်ချင်းတွေလည်း ဖြစ်နိုင်တာပဲ၊ ကျမကို ချစ်ကြတဲ့သူတွေလေ အများကြီးပဲ၊ ကျမ ချစ်တဲ့သူတွေလည်း အများကြီးပဲ တွမ်ခရုန်နဲ့ စီရိုနယ်ဒို ကျမချစ်တာပဲ၊ မင်းသားကြီး ဝင်းဦးတောင် ပါသေးတယ်. . . ၊

ရည်းစားဆိုတာက (ရည်း+စား) ရည်းအစေးစား. . ၊ ရည်း=သူများထက်ပိုသော. . စား=ချစ်သူတဲ့၊ ကဲ. . သိပလား. . ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်မေးတဲ့ မေးခွန်းကိုက အမှားကြီး"

သူမ ဖုန်းမြည်လာ၍ အတွဲလိုက်ပစ်နေသော စကားကျည်ဆံများ ခဏအပစ်အခတ် ရပ်စဲသွားသည်။

ခပ်လှမ်းလှမ်း၌ စကားသွားပြောနေသည်။

ပန်းနုရောင် အသားကပ် ဘောင်းဘီကြပ်နှင့် . . ခဲတံလောက်ထောက်ဖိနပ်နှင့် . . ပေါင်လယ်ဖုံး ကြိုးလုံးပုခုံးတင် အညိုနုနု အင်္ကျီပါးလေးနှင့် . . ဖွားခနဲ လွင့်နေသော ဆံပင်ရွှေအိုရောင်လေး သပ်တင်နေသော လက်ဖောင်းဖောင်း သွယ်သွယ်လေးတွေနှင့် . . မလွယ်ရေးချမလွယ်သော ကောင်မလှလှလေးကို သူ ငေးကြည့်နေမိတော့သည်။

ငါ့ကို လက်တောင့်လောက်နဲ့ နိုင်ငံရေးမလုပ်နဲ့တဲ့၊ စောက်ပေါတဲ့၊ ရဲရွှေတော်တဲ့၊ ကိုယ်ရံတော်ဆာပ်မှူးလေးတဲ့၊ တွံတေးသိန်းတန်နဲ့ ဝင်းဦးကြိုက်တယ်တဲ့၊ ရည်းအပေါင်းစားမှ ရည်းစားတဲ့၊ မြန်မာစကား နားမလည်တဲ့ ကဗျာဆရာတဲ့ . . . ။

ချစ်ဘော် မင်း တုံးလုံးပက်ခေါက်ကြီးပါလားကွာ . . ဟု ကြေကြေကွဲကွဲ ထိုင်တွေးရင်း ကွန်ကရီဘောင်ထဲ ကျုံ့ဝင်နေတော့သည်။

ဖုံးပိတ်၍ ပြန်လှည့်လာနေပြီ။

သူ ဘယ်လိုတုန့်ပြန်ရရင် ကောင်းမလဲ။ လောလောဆယ် ဆည်မြောင်းရေထဲ ဗိုင်ဗင်ပစ်ချချင်စိတ်ပဲ ရှိနေသဖြင့် ရေပြင်ကိုသော တစ်ခါမှ မမြင်ဖူးသလို ငေးကြည့်နေမိသည်။

"ဟေး . . မမသရဖီရေ . . ပြန်ချိန်"

www.burmeseclassic.com

www.burmeseclassic.com



စူးစူးရှရှ ချိုချိုမြမြအသံလေးနှင့် လှမ်းအော်သည်။ အသံ၌ သံစဉ်ပါနေသည် ထင်သည်။ ဆွဲငင်အားနှင့် ပျော်ရွှင်လွတ်လပ်မှု လည်း ရောစွက်နေသည်။

သူ ရေပြင်ကိုသာ တုံကိုဘာဝေ ဆက်ငေးနေမိသည်။ အ ဝေးက မွှေးရနံ့ နီးကပ်ထင်ရှားလာသည်။ ခွာသံလေး ပါးပါးကြား နေရသည်။

ပြောချင်တာ ပြောတော့ကွာ. . ပေပြီး နားထောင်လိုက် မယ်ဟု တွေးသည်။

သူ့ဘေး ဒူးလေးတစ်ဖက်ထောက်၍ထိုင်မှန်း မျက်စိထောင့် ကနေ မြင်နေရသည်။

"ကျွမ တောင်းပန်ပါတယ်ရှင်"

သူ လှည့်ကြည့်လိုက်သည်။ မျက်နှာသေလေးနှင့် တကယ် ကို နှိမ့်ချထားသောအကြည့်ကို မြင်ရသည်။

"ဘာကို တောင်းပန်စရာ ရှိလို့လဲဗျာ. . တောင်းပန်ခြင်း တောင်းပန်ရင် ကျွန်တော်က"

လက်ညှိုးလေးကို နှုတ်ခမ်းဖူးဖူးလေးရှေ့ ကန့်လန့်ပိတ် ၍. . .

"ရှူး. . တိုးတိုး. . သူတို့မကြားစေချင်ဘူး"

အနားကို ကိုင်းလာ၍ ရင်ထဲ တဒုံးဒုံးမြည်သွား၏။

နှစ်ကိုယ်ကြားသံနှင့်. . .

"မမသရဖီက ရှင့်ဘော်ဒါထက် လေးနှစ်ကြီးတယ်. . ရှင့် ဘော်ဒါကိုလည်း စွဲစွဲလန်းလန်း ချစ်နေတယ်၊ ရိုးရိုးအအကြီး တ



www.burmeseclassic.com

www.burmeseclassic.com



လည်းသိပ်မတတ်ဘူး၊ မိဘကလည်း ရှေးရိုးစွဲ. . မမကို အသည်း မခွဲလိုက်ပါနဲ့နော်. . အဲ့ဒါကို ကျမ အနူးအညွတ် ဖူးထောက်တောင်း ပန်ပါတယ်"

မျက်လုံးလေးပင် လက်ခနဲ မျက်ရည်ဝဲသွားသည်။ ဆတ်ခနဲ ထရပ်သည်။ အခုနတစ်ယောက် အခုတစ်ယောက်လို ဖြစ်သွား သည်။

"သွားမယ်နော် ဖုံးမဆက်နဲ့၊ ဘဘနဲ့ ကြီးမေက မလွှယ်ဘူး၊ ညကျ မက်ဆေ့ချ်ပို့လိုက်မယ်"

သူမ ကျောကိုငေးရင်း ငုတ်တုတ်ကျန်ခဲ့သည်။

အကျီဆွဲဆန့်၍ ဆံပင်သပ်ထွက်လာသော သရဖီတို့အတွဲ ဆီ သူလည်းလျှောက်လာသည်။

မစားဖြစ်သော ဝက်သားပေါင်းအထုပ်ကို သူမ၏ ဆိုင်ကယ် ခြင်းထဲထည့်ရင်း နှုတ်ဆက်ရန်ဖြစ်သည်။ သူမကလည်း အနားကပ် လာသော သူ့ကို ရွှန်းခနဲ ပြုံးပြသည်။

အလွန်ချမ်းမြေ့ဖွယ် အပြုံးဖြစ်ပါသည်။

သူက ခပ်တိုးတိုးလေး. . .

"ရော့. . မင်း ဘဘနဲ့ကြီးမေကို မျက်နှာလုပ်ဖို့"

"ဟင်း. . ဟင်း. . အလှူကရလာတဲ့ လက်ဖက်လို့ ပြော လိုက်ပါ့မယ်ရှင်"

ဟုတ်သား. . . သူမ ဝယ်လာသော ဝက်သားပေါင်းပေပဲ တော်တော်စကားတတ်သော တခ်နုပ္ပတိလေးပါလား၊ အလှူလက် ဖက်နှင့် မျက်နှာလုပ်သည့်စကား။

www.burmeseclassic.com

www.burmeseclassic.com



ဝူးခနဲ မောင်းထွက်ရင်း လက်နောက်ပြန်ပြသွားလေသည်။

"ဘယ်လိုလဲ ချစ်ဘော် OK လား"

"KO ကွ၊ (Knock out) ငါ နောက်ကောက်ကျလာတာ"

ဒူးယောက်တောင်းပန်သွားသော စကားသံတွေ ပြန်ကြားလာသည်။

ရွှန်းခနဲ ပြုံးပြသွားသော ချမ်းမြေ့ဖွယ် အကြည့်လက်လက်ကလေးကလည်း မျက်စိထဲကမထွက်။



www.burmeseclassic.com

www.burmeseclassic.com

မင်း…ငါ့ကို ပျိုးကြိုပါ၊
မင်း…ငါ့ကို သွန်းဖြိုးပါ၊
မင်း…ငါ့ကို စိမ်းလန်းပါ၊
မင်း…ငါ့ကို ဝေဆာပါ၊

ပြီးကျတော့မှ …မင်း…
ငါ့ကို ချိုးပြီး ပန်လိုက်ပါ…။ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

အနိုးကပ်မျက်စောင်းဟု သူ့စိတ်ထဲက နာမည်ပေးထားမိသော ရေဆေးပန်းချီကားကို ညနေကတည်းက အချောသတ်ချယ်မှုန်းနေမိသည်။ မေမေ ထမင်းစားလာခေါ်သည်ကိုပင် "စားနှင့်မေမေ"နှင့် ငြင်းပစ်လိုက်သည်။

ရှုထောင့်မျိုးစုံကနေ အနီးအဝေးကြည့်၍ တစ်တိချင်း ငေးနေမိသည်။ တစ်ခုခုလိုနေသည်ဟု စိတ်ကထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးစလောင်းနှစ်ခုကိုလည်း အလင်းအမှောင် မှိုးစုံရအောင် နေရာမျိုးစုံ ရွှေ့ချ၍ ကြည့်နေမိသည်။

"ဘာလိုနေတာလဲကွာ. . ."

ဘာလိုနေမှန်း မသိသောအခါ အလေးချိန်လွတ်နေသော နေရာ၌ မူလကတည်းက ရေးရန်ရည်ရွယ်ထားသော အဖူးအငုံမှ ပွင့်အာစ နီရဲနေသည့် နှင်းဆီတစ်ပွင့်ကို. . ရေးရန်အကြံရ၏။

နေပါဦး. . ညနေက ငါ နှင်းဆီအနီတွေ မြင်လိုက်ပါတယ်၊ ဘယ်မှာမြင်ခဲ့တာပါလိမ့်. . ၊ ပြန်စဉ်းစားစမ်း. . သိပ်လှတဲ့ နှင်းဆီတွေ. . .

ဟာ. . . သတိရပြီ၊ မေမေကိုင်သွားတဲ့ ညောင်ရေအိုးထဲမှာ. . . ၊ ဒါဆို အပေါ် ထပ် ဘုရားခန်းမှာ ရှိကိုရှိသည်။

နှင်းဆီပန်းအစစ်ကို အသေအချာကြည့်၍ရေးမှ ပိုစျာန်ဝင်မည်။ ပိုကြွမည်။

ဟုတ်ပြီ. . ၊. စုတ်တံကိုချ၍ ထိုင်ရာကထသည်။ လှည့်ထွက်မည်ပြင်ပြီးမှ အရေးကြီးတာ သတိရသည်။

သူ့. . ဟန်းဖုန်း။

"ညကျ မက်ဆေ့ချ်ပို့လိုက်မယ်"တဲ့. . ။

သူ နာရီလှမ်းကြည့်သည်။ နံရံနာရီက 8:32 ကို ပြနေပြီ။

သူ ပန်းချီဆွဲရင်း ဂိုးကူသံလေးကိုလည်း စောင့်နေခြင်းဖြစ်သည်။

ဆေးစပ်ပြားဘေးက ဟန်းဖုန်းလှမ်းယူသည်. . ၊ ငုံ့ကြည့်သည်။ ဂိုးကူသံ မကြားလိုက်ဘဲ မက်ဆေ့ချ်ရောက်နေမလား. . ။



www.burmeseclassic.com

www.burmeseclassic.com


မရောက်ပါ။

ဖုန်းစပီကာသံကို ဂိတ်ဆုံးတင်လိုက်သည်။ သူ အပေါ်ထပ်သို့ ခြေဖွနင်း၍ တက်ခဲ့သည်။

မမေ အဖြေလွှာတွေ စာဖတ်ခန်းထဲ ဖျက်နေသည်။ ထင်သည်။ စာဖတ်ခန်း မီးလင်းနေသည်။

"ဗုဒ္ဓသက္ကမုနိ. . . တပည့်တော်ကို ပန်းတစ်ပွင့် စွန့်ပါလို့ လျှောက်ထားရင်း သစ္စာဆိုရမှာပဲ"

ဟု နှုတ်ကတတွတ်တွတ်ရွတ်ရင်း ဘုရားခန်းရှေ့ရောက်လာသည်။

လိုက်ကာဖွင့်၍ ဝင်မည်အပြု. . .

"ဟယ်!. ."

မမေက ပန်းရေချမ်းကပ်ရင်း. . ဘုရားရှိခိုးရင်း တရားထိုင်နေပါ့လား။

ဟုတ်သား. . ဖေဖေ့ကား ခရီးရှည်ထွက်လျှင် မမေ သည် ထိုပင် အစိတ္တကကကံဆောင်ရင်း တရားထိုင်နေကျ။

ဒုက္ခပဲ. . . ။

သူ ဘုရားခန်းဝရပ်ရင်း စဉ်းစားသည်။

ဘုရားညောင်ရေအိုးထဲက ငွားငွားစွင့်စွင့် နှင်းဆီရဲရဲတွေကိုလည်း သူ လှမ်းကြည့်မိသည်။

အင်မတန်လှပသည့် အဖူးသုံးလေးဖူးက စတင်၍ အာလာနေပြီ။ ရေထဲစိမ်ထား၍ မကြာခင် ပွင့်သွားတော့မည်။

မမေတရားထိုင်လျှင် ကြာတတ်သည်။

အသက်အောင့်၍ ခြေဖျားထောက်ခါ ဘုရားခန်းထဲ ဝင်ခဲ့


www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေ မျက်လုံးမှိတ်ထားသည်။ ဈာန်သမာပတ် ဝင်နေပြီ။

အသာလေး. . ခုလိုချင်သော နှင်းဆီပန်းကို အသံမမြည်အောင် စွန့်လိုက်သည်။

မေတ္တာတရားနှင့် ချစ်သူပန်းချီကားအတွက် ကြင်နာသနားသောအားဖြင့် တပည့်တော်အား စွန့်ကြဲပေးသနားတော်မူပါဘုရားဟု စိတ်မှရွတ်နေစဉ်. . .

"ကူး!. . ကူ!. . ."

"ကူး!. . ကူ!. . ."

ဂျိုးကူသံအကျယ်ကြီး ထမြည်လာပါလေတော့သည်။

သူကိုယ်တိုင်လန့်ပြီး အမေ့ဟုအော်မိသည်အထိ. . ဂျိုးကထကူပါတော့သည်။

မေမေလည်း ဆတ်ခနဲတုန်ပြီး ဖျတ်ခနဲ မော့ကြည့်သည်။

အမျှော်လင့်ကြီး မျှော်လင့်နေသော ဂျိုးကူသံလေးကြောင့် ထကမိမတတ် ဝမ်းသာသွားသည်။

မေမေသာ ကြည့်မနေလျှင် အားရပါးရကမိလိမ့်မည်။

မေမေ ဈာန်သမာပတ် ဝင်နေသည်အထင်နှင့် နည်းနည်းတောင် ကမိလိုက်သေးသလားမသိ။

"ဟယ်. . သားရယ်၊ ဖြစ်ရလေ. ."

မေမေ့သားကို ဒီလိုအနေအထားနှင့် မြင်ရမည်ဟု တစ်ခါမှ စိတ်ကူးထားပုံမရသော မွေးမေမေသည် ဈာန်သမာပတ်မှ ရုတ်တရက်ထွက်၍ သူ့ကို တအံ့တသြကြီးငေး၍ ခဏငိုင်နေလေသည်။

"ဘုရား. . ဘုရားပန်း. . ဟို. . ဟို. . ခဏနေတော့ မေမေ



www.burmeseclassic.com

www.burmeseclassic.com


သွား ပြီးရင်ပြန်ကပ်မှာပါ"

မေမေ ဘုရားကို ဦးသုံးကြိမ် အမြန်ချသည်။ နားရွက်ကို ခပ်ဖွဖွ လိမ်ဆွဲ၍ ဘုရားခန်းအပြင်သို့ ခေါ်ထုတ်လာသည်။ ဝရံတာဆီ ရောက်လာသည်။

"ဘုရားရှေ့မှာ အမူမစစ်ချင်လို့ မှန်မှန်ပြောစမ်းဖိုးချစ်. . ၊ သွား ဘုရားပန်း ဝင်စွန့်တဲ့ပုံစံမှ မှတ်တာ. . ဝင်ခိုးတဲ့ ပုံစံကြီးပဲဥစ္စာ၊ မအေတစ်ယောက်လုံး ဘုရားရှိခိုးနေတဲ့ကြားက ခြေဖျားထောက်ပြီး ဝင်ခိုးတာလေ၊ ပြော. . ဘယ်ကောဇ်မလေးကို ပေးမလို့တုန်း"

နာအောင် လိမ်ဆွဲပါသည်။ သိပ်တော့ မနာပါ. . . ။

"အား. . အား. . နာလာတယ် မေမေ၊ သား ရည်းစားထားရင် မေမေ့ကို အရင်ပြောပ့ါမယ်လို့ ပြောထားတာပဲ၊ ရည်းစားမရှိသေးပါဘူး မေမေရ"

နားရွက်ကိုတော့ လွှတ်လိုက်သည်။ ဒေါသမျက်နှာက ကျန်သေးသည်။

"ဒါဆို ဘာလုပ်ဖို့ ဝင်ခိုးတာလဲ ပြောစမ်း"

"သားမှာ ခိုင်လုံတဲ့အကြောင်းပြချက် ရှိပါတယ် မေမေ၊ အရေးကြီးလို့ မေမေထတဲ့အထိ မစောင့်နိုင်တာပါ"

"သားဖေဖေ တရုပ်ပြည်အထိ ကားမောင်းနေချိန်လေ. . ၊ မေမေ ဒီကနေ ဆုတောင်းမေတ္တာပို့နေတာလေ၊ အဲ့ဒါထက်ပဲ အရေးကြီးသေးသလား သားရယ်၊ ဘာကိစ္စမို့လို့လဲ. . . "

"သားပြမယ် မေမေ၊ လာ. . သားအခန်းထဲ လိုက်ခဲ့ပါ"

သားအခန်းပင်လျှင် တံခါးခေါက်၍ ဝင်ရလေ့ရှိသော အိမ်


www.burmeseclassic.com

www.burmeseclassic.com



တွင်း လူ့အခွင့်အရေးကို ဖေဖေချမှတ်ပေးထားသည်။ သားမရှိလျှင်လည်း ဝင်လေ့မရှိခဲ့. . .။

"ကျွီ. ."

"အဲ့ဒီမှာ မေမေ. ."

မီးစလောင်းနှင့်ခု ထွန်းထားသော အနီးကပ်မျက်စောင်းကို မေမေကြည့်၍ ရင်သပ်ရှုမောဖြစ်သွားပုံ၊ သူ့ဘဝ၌ မမေ့လျော့ဖွယ် မြင်ကွင်း ဖြစ်တော့သည်။

"လှလိုက်တာသားရယ်၊ မေမေ့သားက တော်လိုက်တာ"

လှိုက်လှိုက်လှဲလှဲ မေမေ၏ ချီးကျူးသံသည် ဘဝ၏ အားမာန်လည်း ဖြစ်သည်လေ။ ငယ်ငယ်ကတည်းက သူ၏ ဝိုင်းစက်နေသော ဝလုံးကလေးများကို သည်လိုပင်မေမေ ချီးမွမ်းစကား ဆိုခဲ့သည်။

"သား ဒီနေရာလေးမှာ နှင်းဆီပွင့် အာစပုံလေး ထည့်ဆွဲမလို့ မေမေ၊ မေမေ တရားထိုင်တာ ကြာနေရင် ဒီလို အငုံကနေ အာစ အလှလေးကျော်ပြီး ပွင့်သွားတော့မှာမို့ . သား တိတ်တိတ်လေးဝင်ယူရတာပါ မေမေ"

"ဖြစ်ရလေ သားရယ်၊ မေမေ ဈေးက ပြန်လာကတည်းက အငုံတွေ ရွေးယူထားလည်း ရသားနဲ့"

"အဲ့ဒီအချိန်မှာက အဲ့ဒီအကြဲ မပေါ်သေးဘူးမေမေ၊ ဖေဖေ ပြောဖူးတယ်၊ အကြံကောင်း ဉာဏ်ကောင်း ပေါ်လာလာချင်း တစ်ခုခု ထလုပ်ထားပါတဲ့၊ အဲ့ဒီအကြံ ပြန်မေ့မသွားအောင်တဲ့"

"မင်း ဖေဖေနဲ့မေမေဟာ တန်ဘိုးရှိတဲ့သားလေး ရထား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ကဲ. . ဒီပန်းချီကားထဲက ကလေးမလေးက လှလိုက်တာ၊ သူက ဘယ်သူလေးလဲ၊ သူ့ဓါတ်ပုံ ကြည့်ရေးတာပဲ ဖြစ်မယ်၊ မေမေ့ကိုပြ. . "

"ဓါတ်ပုံမရှိပါဘူး မေမေ၊ ဒီထဲကပုံကို ရေးထားတာပါ"

သူက ဘယ်ဘက်ရင်အုံကို ပုတ်ပြရင်း ပြောခြင်းဖြစ်သည်။

"ဒါဆို အပြင်မှာ တကယ်ရှိတာပေါ့"

"ရှိတယ် မေမေ. . ၊ သူ့နာမည်က ခင်နှင်းဆီတဲ့၊ ရန်ကုန်က အလည်လာတဲ့ကြည့်သည်၊ သားနဲ့ တစ်ခါပဲ စကားပြောဖူးသေးတယ်"

လက်ထဲက နှင်းဆီလေးကို သူကြည့်ရင်း ပြောနေသည်မို့ မေမေခေါင်းညိတ်သည်။ မေမေသည် လောကတွင် သူ့ကို နားအသည်ဆုံး လူသားဖြစ်သည်။

ငါ့သားလေး လွှမ်းမကျန်ခဲ့ရင် ပြီးတာပါပဲကွယ်၊ ကဲ. . လုပ်စရာရှိတာလုပ်၊ မြတ်စွာဘုရားကိုတော့ မေမေပဲ တောင်းပန်လိုက်မယ်"

ဆရာမပိပိ နဖူးကို ဖွဖွခေါက်၍ ထွက်သွားလေသည်။

သူနှင်းဆီပန်းကို ဆေးစပ်ပြားပေါ် ခဏချလိုက်၏။ ဖုံးမွှင့်၍ စက်ဆေ့ချ်ဖတ်လိုက်သည်။

"ဘာလုပ်နေလဲ"တဲ့. .

ချက်ချင်းပြန်ရိုက်လိုက်သည်။

"စောက်သ်ပေါလေး နှင်းဆီကို ပန်းချီရေးနေတယ်"

"တကယ်. . ၊ ဗိုက်ဗာနဲ့ ပို့ပေးလို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ခဏစောင့်. . ."

ဘယ်လက်နှင့် နှင်းဆီပန်းကို ကိုင်သည်. . ညာလက်နှင့် ကင်မရာ ဖွင့်ချိန်သည်။ ပန်းချီကားကို မှုန်ဝါးဝါးလေး နောက်ခံထား၍ နှင်းဆီကို အနီးကပ်ချိန်သည်။

"ချပ်!. ."

ပြန်ဖွင့်ကြည့်သည်။

အလင်းအမှောင် လိုအပ်နေသေးသည်။

စလောင်းတွေ နေရာရွှေ့သည်။ နောက်ခံပန်းချီကားကို မသိမသာ ထင်ရှားလာအောင် ချိန်ဆသည်။ နှင်းဆီ အနီးကပ် ထိုးထည့်သည်။

"ချပ်!. ."

"ချပ်!. ."

"ချပ်!. ."

"ချပ်!. ."

လေးငါးပုံ ဆက်ရိုက်သည်။ ထိုပုံတွေထဲက အကောင်းဆုံးပုံကိုရပြီ။

အကောင်းဆုံးပုံကို ဖုန်းထဲမှ software ဖြင့် လိုသလိုသ လိုက်သေးသည်။

လှမ်းပို့လိုက်သည်။

ဟူးခနဲ သက်ပြင်းချ၍ မွေ့ယာပေါ် ကန့်လန့်ဖြတ် လှဲချ လိုက်သည်။

မက်ဆေ့ချ်ပြန်အလာကို ရင်ခုန်စွာ စောင့်ခနမိသည်။



www.burmeseclassic.com

www.burmeseclassic.com


ငိုက်မြည်းလာနေသည်။

အခန်းထဲက သူ့ဖြစ်စဉ်ကို အခန်းဝလိုက်ကာကြားမှ မေ
ဗီဒီယိုမှတ်တမ်းတင်ထားလိမ့်မည်ဟု သူ ထင်စားမထားခဲ့ရိုး အမှ
ပါ။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ညီက ဘာဖြစ်လို့ စာပြန်မပို့တာလဲ"

"ကြီးမေကြီး. . နှင်းဆီတို့ ညီအစ်မအခန်းထဲ လက်ဖက်သုတ်ပန်းကန်နဲ့ ဝင်လာတယ်လေ၊ သန်းခေါင်ကျော်မှ ပိုင်းသိမ်းတယ်"

"သြော်. ."

"အဲ့သလို ယုတ္တိတန်အောင် ဆင်ခြေပေးလိုက်ရင်. . .



www.burmeseclassic.com

www.burmeseclassic.com



ကြည့်. . ဆိုပြီး ယုံသွားတာပဲလား"

"မင်းကို ကိုယ်အလိုလိုနေရင်း ယုံကြည်နေတော့တာပဲ"

"ကောင်လေးတစ်ကောင် လူလိမ်ခံရကိန်း မြင်တယ်"

"မင်းလိမ်လို့ကတော့ နှစ်ပိုင်းပြတ်သွားပစေ. . "

ဆည်မြောင်းဘောင်နှစ်ဘက်ပေါ် ဖြတ်ဆောက်ထားသော လက်ရမ်းမပါသည့် တံတားလေးပေါ် မတ်တတ်ရပ်ရင်း ပြောနေကြခြင်း ဖြစ်သည်။

နှင်းတွေက ရပ်ထားသော(ဘောင်ပေါ်က)ဆိုင်ကယ်နှစ်စင်းကိုပင် ခပ်ဝါးဝါးသာ မြင်နေရသည်။ ကုတ္တိုလ်ပင်ခြေသည် နှင်းထုထဲ မြုပ်နေ၏။ ရေလွှတ်နေပုံရ၏။

တဖြည်းဖြည်း မြင့်တက်လာနေသော ဆည်မြောင်းရေမျက်နှာပြင်သည် အငွေ့လေးတွေပျံ့ရင်း စီးဆင်းနေ၏။

"ရော့. . ဒီမှာ ညကရေးလာတဲ့ တို့ကဗျာ"

ကမ်းပေးသော ဟန်းဆက်ကို ညင်ညင်သာသာ ယူရင်း အူလေးထောင်၍ ဘေးတိုက်ထိုင်ချလိုက်သည်။ All Star ကင်းဘတ်ရှူးနှင့် ဂျင်းဘောင်းဘီ ဝတ်တင်ထားသည်။ ကွန်ကရစ်သားပေါ် အိခနဲ ဖိချသည်။

ကဗျာကို အာရုံစိုက်ဖတ်နေသော ဘေးတိုက် မျက်နှာလေး လှသေးတော့။

"မဆိုးဘူး. . ၊ နှင်းဆီကို ခရစ်တစ်ကယ်ရှုထောင့်ကနေ မြင်ပုံပဲ"

"ညက နှင်းဆီကိုကော ဘယ်လိုမြင်လဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဓါတ်ပုံထဲက နှင်းဆီပေါ့၊ ဒါပေမယ့် နောက်ခံက ဘာမှန်း မသိတသိဖြစ်နေတယ်၊ တမင် ဖိုးကပ်ဝါးထားမှန်းတော့ သိသာပ်တယ်၊ ဘာနောက်ခံလဲဟင်"

"သတ်ရင်သတ်သွား မပြောဘူး"

"ဒါဆို မတော်တဆလိုလိုနဲ့ ဟန်းဆက် ရေထဲကျသွားလိမ့်မယ်"

"မင်း မလုပ်ရက်ဘူးဆိုတာ. . အလိုလို ယုံကြည်နေတယ်လေ"

"ကဲ. . ရော့ လုပ်စရာရှိလို့"

ဟန်းဆက်ပြန်ပေးပြီး ဖိနပ်ကြိုးဖြည်နေသည်။ ဖိနပ်ကော ခြေအိတ်ပါ ချွတ်သည်။

အင်မတန်လှသော ဆေးဆိုးခြေသည်းလေးများ. . အိအိ ဖောင်းဖောင်း ခြေချောင်းလေးများကို သူ ငေးနေမိရင်း. . .

"ဘာလုပ်မလို့လဲ မခင်နှင်းဆီ"

ဘာမှပြန်မပြောဘဲ. . ဂျင်းဘောင်းဘီကို ခြေသလုံးပေါ် အောင် လိပ်တင်နေသည်။ ကိုချစ်ကောင်း၏သီချင်းက နားထဲ အလိုလို ရောက်လာသည်။

'ခြေသလုံးသားက အလှတစ်ပါး. . သူဟာ ထမီတိုတို. . တဲ့၊ ကွက်ကွက်ကွင်းကွင်း မြင်နေရလေသည်။ အလွန်လှသော ခြေ သလုံးလေး၊ ပိပိပြားပြားထိုင်ချ၍ ခြေထောက်လေးနှစ်ဘက်ကို ရေထဲချလိုက်လေသည်။

"ဟယ်. . ထင်တဲ့အတိုင်းပဲ ရေက နွေးတယ်တော့"


www.burmeseclassic.com

www.burmeseclassic.com



တောသံနှင့်ပြောနေသော မြို့ပြဒီဇိုင်းလေး. . ။ ရေကိုခြေ
နှစ်ဘက်ယက်၍ ဆော့နေသေး. . ။ တကယ့်ကို ကလေးလို ပျော်
နေခြင်း။

သူ့ ဟန်းဆက်နှင့် ဓါတ်ပုံရိုက်ယူထားလိုက်မိသည်။ သူမ
သိလိုက်ပုံ မပေါ်ပါ။ ချစ်စရာကောင်းလိုက်တာ၊ ခုနေ မင်းကို ငါ
သိပ်ချစ်တာပဲလို့ ပြောလိုက်ရင် ဘယ်လိုနေမလဲ။

ထင်မှတ်မထားဘဲ ဆတ်ခနဲ သူ့ကို မော့ကြည့်၍. . .

"ရည်းစားထားဘူးလားဟင် ကိုချစ်ဘော်"

"ဗျာ!. ."

ရုတ်တရက် ဗျာမှုလွဲ၍ ပါးစပ်မှ ဘာမှထွက်မလာ။

"ဗျာမနေနဲ့၊ အခု စိတ်ထဲမှာ ရှိနေသလို ပြောချကြည့်လိုက်
စမ်း၊ အရိုးသားဆုံး အပွင့်လင်းဆုံး အဖြူစင်ဆုံး စကားတော့ ဖြစ်ပ
စေ. . ."

ဘေးနားကပ်၍ ထိုင်ချလိုက်သည်။

ရင်ခုန်နှုန်း မြင့်တက်နေသည်။

ရေပြင်ကို ငုံ့ကြည့်ရင်း. . .

"မင်းကို ငါ. . သိပ်ချစ်နေမိပြီ၊ အဲဒါ. . လောလောဆယ်
စိတ်ထဲမှာရှိနေတဲ့ အဖြူစင်ဆုံးစကားပဲ"

"ရည်းစားထားဖူးလား"

"ဟင့်အင်း"

"ရည်းစားထားဖူးတယ်ရှိအောင် ပြောဝံ့ ရည်းစားစကား
လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မှုတ်ဘူး. . စိတ်ထဲမှာရှိတာ ပြောဆိုလို့ အရဲကိုးပြီး ပြောချ လိုက်တာ၊ မှန်သော သစ္စာစကားပဲ"

"တို့မျက်လုံးကို သေသေချာချာကြည့်စမ်း၊ ရဲရဲကြည့်စမ်း"

အသံသည် ညှို့ခြင်းပြင်းအား ပါနေ၏။

အမိန့်နာခံရန် အသင့်ဖြစ်စေသော ဩဇာနှင့်အာဏာ အချိုးကျ ပေါင်းစပ်ထားသည့်. . . ပန်းပွင့် ပွင့်သံ။

မွှေးခနဲ. . လေအဝေ့တွင် အဝန်းကျင်ရင်း ရဲရဲပင် လှမ်းကြည့် လိုက်မိသည်။

သူမမျက်လုံး၌ အလင်းလက်ဆုံး အရောင်တစ်မျိုးကို မြင်ရ သည်။ ဘာရောင်ပါလိမ့်ဟု စဉ်းစားနေစဉ် သူမက သူ့မျက်ဝန်းကို ဖတ်ကြားပြီးသား ဖြစ်နေပြီ။

"မင်း. . ရိုးရိုးသားသား ပြောနေတာပဲ၊ အိုင်ဘိလိ(ဗ်)ယူ၊ အင်နိုးစင့်(တ်)အိုင်း(စ်)၊ ဝှတ်အေ လပ်ဗလီးဖဲလပ်(စ်)"

အသံထွက်ကောင်းစွာ ဗိုလ်မလေးတစ်ယောက်လို ရွတ် သွားလေသည်။ နားလည်လိုက်သမျှမှာ. . .

I believe you = မင်းကို ငါယုံတယ်။

Innocent eyes = အပြစ်ကင်းလိုက်တဲ့ မျက်လုံးတွေ

What a lovely fellas = ဘယ်လောက် ချစ်စရာကောင်း တဲ့ စောက်ကောင်လေးလဲ"တဲ့. . .

သူ ငုတ်တုတ် မေ့နေရာ. . ။

သူမကတော့ ရယ်နေသည်။ အင်မတန်လှပခမ်းနားသော အုမြူးသံလေးနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်သက်တာမှာ သည်လောက်ကြည်နူးစွာ အူမမြူးဖူးဘူးဟု ထင်ရလောက်အောင် သူမ အူမြူးနေ၏။

သူ သူမမျက်ဝန်းနှင့် အမူအယာကို ဖတ်၍ရပါပြီ။

သူ ငါ့ကို ချစ်နေတယ်. . ။

ဖြတ်ခနဲ ဖြတ်မေးလိုက်၏။

နားနား တစ်လက်မအကွာမှ. . .

"မင်းရော ရည်းစားထားဖူးလား"

"အခုပဲ စကြည့်မလားလို့"

"ဘယ်လို. . ."

တော်တော်အူကြောင်ကြောင်နိုင်သော အမေးအဖြေနှင့် ဘာလုပ်ရမှန်းမသိသော အခင်းအကျင်း ဖြစ်ပါသည်။

"တို့နှစ်ယောက် ရည်းစားထားကြည့်ရအောင်လို့ ပြောတာ စောက်(သ်)ပေါလေးရဲ့"

"တကယ်. ."

"နှစ်ကယ်. ."

ရဟူးဟူ၍ အလိုလိုထခုန်မိရင်း သူ တစ်ခါမှ မလုပ်ဖူးသော အလုပ်ကို ပထမဆုံး စမ်းလုပ်လိုက်မိတော့သည်။

ဆည်မြောင်းရေပြင်ထဲ ဂျွမ်းတစ်ပတ်လည်အောင် ထိုးချလိုက်ခြင်း ဖြစ်သည်။

"ဝုန်း!. . ဗွမ်း!!. ."

အေးခနဲ ဖြစ်သွားသည်။ တစ်ပတ်လည်၍ ခြေထောက်နှင့် ပင်ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြီး မြုပ်သွားပြီးမှ အောက်ခြေကြမ်းခင်းကို ခြေကန်မိသည်။ မွန်းတွန်းတွန်းကြီး ဖြစ်သွား၍ ကြမ်းခင်းကို ခြေနှင့် ဆောင့်ကန်လိုက်သည်။

ဗွားခနဲ ရေပြင်ပေါ် ပြန်ရောက်လာသည်။ အသက်တဝ ရှူသွင်းလိုက်မိသည်။ ပလုံခနဲ ပြန်မြုပ်သွားမှ အထူးသတိရမိသည် က သူ ရေမကူးတတ်ခြင်း။

ဟိုကန်သည်ယက်ရင်း မွန်းလာနေသည်။

ဘွားခနဲ ပေါ်လာနိုင်သော အောက်ခြေကြမ်းခင်းလည်း ပျောက်ဆုံးနေသည်။

ဟာ. . ငါ ရေနစ်ပြီ။

ဝူးဝူးဝါးဝါးအော်ရင်း အဆုပ်ထဲက စပ်လာနေသည်။

သီးနေပြီဖြစ်သည်။ ဝုန်းခနဲအသံနှင့် ရေလှိုင်းဘောင်ဘင် ခတ်သွားသည်ကို ထိသိလိုက်သည်။

ဖတ်ခနဲ လက်တစ်ဖက်က အင်္ကျီဂုတ်ကို မြဲမြဲစွာ လာဆွဲ သည်။

အသက်ရှူ၍ မရတော့. . . ။

နည်းနည်းရသည်. . . ။

မရတော့ပြန်. . . ။

သတိလွတ်ခါနီး၌ ကမ်းပါးပေါ် ဆွဲတင်ခံနေရပြီကို သိလိုက် သည်။

ပက်လက်အနေအထားနှင့် ရင်ဘတ်ကို ချက်မှန်နေ ဖိနေ သည်။ ဝေါခနဲ ရေတွေပြန်အံသွားသည်။ အသက်ပြန်ရှူ၍ ရလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စပ်ရှားရှား အောင့်တောင့်တောင့် အရသာက အတော်ခံ ရခက်လှသည်။

မကြာခင် နှာခေါင်းကို လာဖိပိတ်၍ မေးကိုဆွဲဟခံရသည်။ နွေးခနဲ နှုတ်ခမ်းတစ်စုံ သူ့နှုတ်ခမ်းကို လာထိသည်။

သူ့အဆုပ်ထဲ လေတွေ ပြည့်ဖောင်းလာသည်။ ရင်ဘတ်ကို ဖိချပြန်သည်။ နောက်တစ်ခါ နွေးခနဲလေးကို ခံရပြန်သည်။ လေဝင် လာပြန်သည်။ ဖိချပြန်သည်။

နောက်တစ်ခါ နွေးခနဲလေးကိုတော့. . .

"သွား. . လူလည်"

"မသွားဘူး"

သူမကျောကို သိုင်းဖက်လိုက်မိသည်။ သည်တစ်ခါ နွေးခနဲ က တော်တော်ကြာပါသည်။

နှင်းကမ္ဘာထဲ ရေတွေစိုရွဲနေကြသော်လည်း နွေးလှသည်။ ရွှံ့တွေဗွက်တွေကြားက သူမခံတွင်းနှင့် နှုတ်ခမ်းက သန်ပြန့်ချိုမြိန် လှပါသည်။

"ဩော်. . ဂလိုကိုး. ."

နှင်းထဲ ဖြတ်ဝင်လာသော မျက်နှာနှစ်ခုကို မြင်မှပင် ခွာ၍ လူးလဲ ထလိုက်သည်။

နေလင်းအောင်က ဝမ်းသာအားရ သွားဖြီးနေသည်။

သရဖီက ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသား. . ။

"ရေသံကြားလို့ လာကြည့်မိတာပါကွာ၊ ဆောရီး. . ကဲရီး အွန်. . မိုင်ဖရင့်" (carry on - ဆက်လုပ်)



www.burmeseclassic.com

www.burmeseclassic.com



သရဖီကိုဆွဲ၍ နှင်းထဲပြန်တိုးဝင်သွားကြသည်။

ဟုတ်ကဲ့ . . သူမကပင်စတင်၍ ကဲရိုးအွန်ပါသည်။ အခုန နွေးခနဲကို ဆက်လုပ်ခြင်းဖြစ်ပါကြောင်း နှင်းသည် အဆီစိမ့်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

# (၀)

ကွင်းစကွင်းပိတ်ထဲက
အစက်ကလေး...
ဘာအဓိပ္ပါယ်လဲ...?
တွေးကြည့်ပါ။
အောက်ကမြင့်လား...?၊
သေးသေးတင်လား...?၊
ဖူးစတော့လား...?၊
စမောလက်တာ
j နဲ့ i ရဲ့ခေါင်းတင်လား...?၊
ဟင်းလင်းပြင်ထဲက
တစ်စင်းသောကြယ်လား...?၊
အနန္တစကြာဝဠာနဲ့စာရင်
တို့နေစဉ်ရ...တို့နေမင်းရဲ့
အရွယ်အဆင်းလား...?၊
လား...? လား...?နဲ့ အကြောင်းများ
ခေါင်းစားမနေပါနဲ့
ဘာမှမဟုတ်ပါဘူး...
ဘောပင် ဖုတ်ခနဲ ပြုတ်ကျတာ...။ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"**ဟာယ်**. . သားတို့ သမီးတို့ရယ်၊ ဘယ်လိုဖြစ်လာကြတာလဲ၊ မထိတ်သာ မလန့်သာ. . ."

ပန်းပင်ရေလောင်းနေသော မေမေသည် သူ့နားလာထိုးချပ်သော ဆိုင်ကယ်နှစ်စင်းကို မြင်မြင်ချင်း ပူပန်တတ်သော မိခင်စကားနှင့် မြွက်ကြားမေးမြန်းခြင်း ဖြစ်သည်။ စကား၌ သားတို့နှင့်အတူ သမီးတို့ဟူသော နာမ်စားပါဝင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သကြိန်လည်းမဟုတ်၊ နှင်းပြယ်စ ဆောင်းကြီးထဲ ရေတွေ ဗွက်တွေ စို့ရွှဲလာသော သားသမီးများကို နွေးထွေးစွာကြိုသော မိခင်၏ မေတ္တာစကားလည်း ဖြစ်သည်။ မေမေသည် မမြင်ဖူးသော သား၏ မိန်းကလေးမိတ်ဆွေကိုလည်း သမီးဟု ခေါ်လိုက်ခြင်းဖြစ်သည်။

ဆိုင်ကယ်ဒေါက်ထောက်နေသောသူ့ကို ပုခုံးကိုင်ဆင်းရင်း နားနားကပ်ပြောသည်။ တိုးတိုးလေး. . .

"မေမေက ချစ်ဖို့ကောင်းလိုက်တာ"တဲ့. . .။

နေလင်းအောင်တို့အတွဲက ဆိုင်ကယ်ပေါ်ကဆင်းပြီး မတ်ဘတ်ရပ်ကြည့်နေကြ၏။ သူက အေးရတဲ့အထဲ ဆိုင်ကယ်ကို အသားကုန် မောင်းလာသောကြောင့် မေးရိုက်သံနှင့်. . .

"ဂတ်. . ဂတ်. . မေမေ. . ခင်နှင်းဆီတဲ့၊ ဂတ်. . ဂတ်. . ဂတ်. . "

"သား ပြောပြောနေတဲ့ မိန်းကလေးကိုး. . ချစ်စရာလေး ဒါနဲ့ ဘယ်လိုဖြစ်လာကြတာလဲ သားတို့ရယ်"

အိမ်ထဲ တုန်တုန်ချိုချိုဝင်နေရင်း. . မေးပြေလာခြင်း ဖြစ်သည်။

"နောက်မှ ရှင်းပြမယ်မေမေ၊ သူ့ကို မေမေ ရေချိုးခန်းပြပေးလိုက်ပါ၊ သားက သားအခန်းမှာ ချိုးမယ်၊ ဂတ်. . ဂတ်. . "

"အေး. . အေး. . လာ. . သမီး၊ ရေနွေးနဲ့ အမြန်ချိုးနွေးသွားအောင်. . ၊ ခေါ်ခဲ့ပါကွယ် မင်းသူငယ်ချင်းကို. . ဟော သမီး"

"သူငယ်ချင်းမှုတ်ဘူး ဆရာမရဲ့. . ဟဲ. . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ထိုင်ကြ၊ ဒီသမီးကို ရေချိုးခန်းပြလိုက်ဦးမယ်"

တွေ့တွေ့ချင်း ခင်မင်နှစ်လိုဖွယ်ကောင်းသော ချစ်ဘော် အမေ ဆရာမကို သရဖီပြုံးပြရင်း. . ငါ့အမေနဲ့တော့ တခြားစီပဲဟု တွေးရင်း ဆိုဖာတွင် ဝင်ထိုင်ကြသည်။

သရဖီက ရင်ဖို၍. . .

"ဟယ်. . မိခင်နှင်းဆီ ရေချိုးပြီးရင် ဘာဝတ်မလဲ"

"ဆရာမ စီစဉ်ပါလိမ့်မယ်၊ ဒါမှမဟုတ် မင်း ပြန်ယူပေး လိုက်ပေါ့"

"ဟမလေး မလုပ်ပါနဲ့၊ ဖေဖေနဲ့မေမေက ပုလိပ်စစ်စစ်ရင် သရဖီလည်း မညာတတ်ဘူး၊ အလိမ်ပေါ်ရင် အဆော်ခံရလိမ့်မယ်"

"အွန်. . . ဒီအရွယ်ကြီးကို ရိုက်တုန်းလား"

"ရိုက်တယ်. . အဖေက လက်ပါတယ်၊ အမေက ဖျစ်ဖျစ် နှစ်နှစ် ပါးစပ်ပါတယ်၊ သရဖီ သိပ်ကြောက်တယ်"

မျက်ရည်လေးပင် လဲ့လာ၍ နေလင်းအောင် အံ့ဩရင်း သနားသွားသည်။ သူမ အဖေအမေတွေက ရှေးဆန်လွန်းကြောင်း၊ ညာဇဟုသုတ နည်းကြောင်းတော့ နေလင်းအောင် သိထားသည်။

သူမ ခင်နှင်းဆီလို ဝတ်စားနေထိုင်ချင်သော်လည်း မိဘ ကြောင့် ပုံတုံးကြီးဖြစ်နေရကြောင်း ညည်းလေ့ရှိသည်။ သည်အချိန် ထိ ရိုက်နှက်ဆုံးမတုန်း ဆိုသည်ကတော့ တရားလွန်သွားပြီ ထင် သည်၊

အင်း. . ဒါကြောင့်ပဲ ထင်ပါရဲ့၊ အပျိုကြီးပဲ ဖြစ်တော့မယ် အချစ်ရဲ့အရသာကို ဒင်းပြည့်ကျပ်ပြည့် မသိရှာသေးတာကိုး. . ဟု

www.burmeseclassic.com

ပို၍သနားမိသော 'မိတ်တွေး'ကို တွေးမိလိုက်သေးသည်။

"ဒီအိမ်က အဝတ်အစားနဲ့ ညီမလေးပြန်ရင် ဘာဖြစ်လာသလဲလို့ ကျိန်းသေမေးတော့မှာ၊ ထွက်လာတာ ကြာကလည်း ကြာလှပြီ၊ ပြဿနာပဲ ကိုနေရယ်"

"သရဖီကသာ တွေးပြီးပူနေ၊ မင်းညီမက ပျော်တောင်ပျော်နေသေးတယ်၊ သူ့ဟာသူ ဖြေရှင်းပါလိမ့်မယ်၊ သူ့ ဉာဏ်ကောင်းပုံရပါတယ်. . ဘာပြဿနာမှ မရှိဘူး. .၊ ကြောက်ရင် မပြန်နဲ့တော့ အိမ်လိုက်ခဲ့"

"အို. . ဘယ်ဖြစ်မှာလဲ၊ သမီးမိုက် ဖြစ်သွားမှာပေါ့"

တကယ်လည်း သနားကြင်နာမိ၍ တကယ်ခေါ်ခြင်းပါ. .၊ ခေါ်၍လည်း ရနေသည်ပဲ၊ ကိုယ့်လက်ထဲကျရင် စိတ်ကြိုက် ဒီဖိုင်းဆင်စမ်းဟုလည်း စေတနာထားမိသည်။ ဖေဖေနဲ့ မေမေကလည်း ချွေးမရလို့ ပျော်ဦးမည်။

"လိုက်ခဲ့ပါ. . အသည်းကြီးရယ်၊ မင်း. . ကိုယ့်ကို ဒီထက်ပိုချစ်သွားမှာပါ"

မေတ္တာတရားတို့ အချစ်စစ်စစ်တို့ ဆိုတာတွေဟာ မိတ်ကိုတံဆိပ်ကပ်ထားတာကွ. . ဟု သချာခဲ့သော နေလင်းအောင်လေ။

မိတ်စိတ်က ကြင်နာသနား၍ သ,ထားချင်သော စိတ်ကို ကျော်တက်ပြီး (အနှိမ်မိတ်စိတ်က)ငယ်ထိပ်ရောက်နေပြီလေ။

"ပြန်မလွှတ်တော့ဘူးကွာ. . ."

"ဘယ်ဖြစ်မှာလဲ. . မဖြစ်ဘူး၊ အဖေက ပါးမှရိုက်တာ. . ယောက်ျားအားကြီးနဲ့ လွဲရိုက်တာ"


www.burmeseclassic.com

www.burmeseclassic.com



"ဘာ!. ."

နေလင်းအောင် ရိုက်နေပုံကို မျက်စိထဲ လှမ်းမြင်လိုက်သဖြင့်. . ဘာ. . ဟု ထအော်လိုက်မိခြင်း ဖြစ်သည်။ ကျယ်သွားသည်။ သရဖီပင် တုန့်ခနဲ တွန့်သွားသည်။

"ဟုတ်တယ်၊ ဘယ်ပြန်ညာပြန် သုံးချက်လောက် ဆင့်ရိုက်တာ"

"ဟာ!. ."

"မလဲမချင်း. ."

"ဟား!. . တော်ပါတော့ သရဖီရယ်. . အဖေအရင်းလား"

အင်း. . ဟုပြောရင်း အိခနဲ ငိုသည်။

နေလင်းအောင်ရင်ထဲ နင့်ခနဲကို ဖြစ်သွားသည်။ နမ်းဖို့ပင် သူ အတော့်ကို ကြိုးစားခဲ့ရသော သည်ပါးကလေး. .

သည်အဖေမျိုးက. . ဆုံးမတာထက် သူ့ဒေါသသူ ဖောက်ခွဲတာ. . .။

ချစ်ဘော်ပြောပြဘူးသော စကားလုံးတွေ နားထဲ ဝီးခနဲ ဖြတ်သွားသည်။

"သရဖီ့ကို ဘာအပြစ်ရှိလို့ ရိုက်တာလဲဟင်၊ မငိုပါနဲ့ကွယ် ကိုယ်ပါ ငိုချင်လာလို့"

သရဖီ မျက်ရည်လည်ရွဲ လှမ်းကြည့်သည်။ သူလည်း မျက်ရည်ဝဲနေ၏။

'ဟင်. . မောင်လည်း မျက်ရည်ဝဲနေတယ်'ဟု. . စိတ်က ရွတ်မိ၏။ ထုတ်ပြောပြီး ထုတ်ဝမ်းသာဖို့ပင် ထုံးစံမ်းစဉ်လာက



www.burmeseclassic.com

www.burmeseclassic.com


ဘိုင်းကောင်းကျောက်ဖိ၍ ပိပြားခဲ့လေပြီ။

"အဖေအရင်းက ဟောဒီပါးလေးကို ယောက်ျားအားနဲ့ ဘယ်ပြန်ညာပြန် မလဲမချင်း ရိုက်တယ်ဟုတ်လား"

ပါးလေးကို ယုယုယယ ပွတ်ပေးမိသည်။

အားကိုးတကြီးမော့ကြည့်သော နုတ်ခမ်းလေးက ဖူးလို့. . နေလင်းအောင် ရှိုက်သံလေး အိုဗာထည့်လိုက်သည်။

"ဘာအပြစ်ရှိလို့ ဒီလောက်ရိုက်တာလဲ ဖိဖိရယ်"

"အဖေ အိမ်ဖော်မနဲ့ အိပ်နေတာကို သရဖိ ခဏခဏမိလို့"

"ဟင်!. . အဲ့သလိုလား. . "

ထိုစဉ်. . .

"သား နေလင်းအောင်တို့ ထမင်းစားခန်းကို လာခဲ့ကြဟေ့၊ အသင့်ပြင်ပြီးပြီ"

နောက်ဖေးက ဆရာမအသံက သရဖိအဖေဆိုသောလူကြီးကို လှမ်းဆဲလိုက်မိသော စိတ်ထဲက ဆဲသံကို ရပ်သွားစေ၏။ နူးညံ့ကြင်နာသောအသံက ဖြတ်ချသွား၏။

"လာပြီ ဆရာမ ဆာနေတာ"

"လာသရဖိ မင်းဘဝကို ကိုယ်ကာကွယ်စောင့်ရှောက်မယ်၊ မဲ့တစ်ပေါက် မစွန်းစေရဘူး"

"ဘယ်ကိုလဲ"

လက်ကိုဆွဲခေါ်နေခြင်း ဖြစ်သည်။

"လောလောဆယ် နောက်ဖေးထမင်းစားခန်းကိုလေ. . ဆရာမလက်ရာက ဘာဖြစ်ဖြစ် အရမ်းစားလို့ကောင်းတယ်. . လာ"


www.burmeseclassic.com

www.burmeseclassic.com



နေလင်းအောင် ဆွဲရာနောက်. ..သရဖီ မငုံ့မရဲနှင့်ပါလာသည်။ သူစိမ်းအိမ်ထဲ နောက်ဖေးအထိ မဝင်ဖူးသော အမူအယာက ပေါ်လွင်နေသည်။ ဒါကို ချစ်ဖော်မေမေလည်း အကဲခတ်မိပုံရသည်။

"လာ. . သမီး ကိုယ့်အမေအိမ်လိုပဲ သဘောထား။ ရှိုးတိုးရှန့်တန့်တွေ အားနာတာတွေ မေ့ပစ်လိုက် အားရပါးရစား. . ကြာဆံချက်၊ သားနေလင်းအောင်က အမေ့သားဆိုတော့ သမီးလည်း အမေ့သမီးပေါ့. . ထိုင်ကြ"

"အမေဆရာမလက်ရာက ကောင်းတယ်လို့ သားကြွားပြီးသား. . စားမှာ. . စားဦးမှာ"

ကြာဆံချက်က မစားခင် အမြင်နှင့်ပင် ကစီရည် ခံတွင်းကိုဖြန်းသည်။ သရဖီ တွံတွေးမျိုချရင်း သမီးအမေအိမ်က သူစိမ်းတစ်ယောက်ကို ဘယ်တုန်းကမှ အိမ်ထဲခေါ်ပြီး အစားအသောက်မကျွေးဖူးပါဘူးဟု စိတ်ကရွတ်နေမိ၏။ အမေ့အိမ်လို့ သဘောထားလို့ မရနိုင်. . ။

"အဲ့ဒီမှာသမီး နံနံပင် ငရုတ်သီးမှုန့် သံပုရာသီး ကြိုက်သလိုစား၊ အမေ. . ဟိုကလေးကို အဝတ်သွား ဆင်လိုက်ဦးမယ်"

စားချင်သောက်ချင်သည့် သရဖီ့စိတ်ကလေး ပြဿနာ ပြန်ဝင်စားသွားပြန်သည်။ မထင်မှတ်ပဲ ရေစိုခြင်း၏ နောက်ဆက်တွဲ ပြဿနာများ သူမ ရင်လေးလာပြန်သည်။ သရဖီ ဘယ်လိုမှ မဖြေရှင်းနိုင်သော ပြဿနာအကြီးစားကြီး ဖြစ်နေသည်။

ဖခင်၏ ကြမ်းရှပြင်းထန်သော လက်ဝါးကြီးကို မြင်ယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားလေ အသည်းကြီး ဘာကိုတွေးကြောက်နေတာလဲ"

"အဖေ့ရဲ့အသံကြီး နားထဲကြားနေလို့ပါ"

"မေ့ထားပါဆိုနေ"

"ဟိုမှာ ကိုချစ်ဘော် ဝင်လာနေပြီ"

I LOVE MYANMAR တီရှပ် ဖြူဖြူဖွေးဖွေးနှင့် ဆံပ်ပြာသုံးခါ တိုက်လာပုံရသော သူ့ဥပမိက အစွမ်းကုန် သန့်ပြန့်နေ၏။ လက်ထဲလည်း I ♥ MYANMAR ဆင်တူကိုင်ထား၏။

"မေမေရော . . ငနေ"

"သူ့ခွေးမကို ဈေးသွားတွန်းပေးနေတယ်"

သရဖိက ဆွဲဆိတ်ရင်း ရယ်သည်။

ဘာလုပ်ရမှန်းမသိ၍ အကြိုဖြန့်ကြည့်နေမိသော သူ့ကို . . နေလင်းအောင်က အတည်ပေါက်နှင့် . . .

"မင်း ဂျူတီသွားချိန်း . . ၊ ဆဲရာမက ဒီမှာ သရဖိကို စားပါသောက်ပါ ဘာညာနဲ့ ဧည့်ခံနေရမှာကွ၊ သွား . . ရေချိုးခန်းကို"

"ခွေးမသား . . "

သူက ပါးစပ်လှုပ်ရုံဆဲ၍ ရယ်နေစဉ် . . .

"ဟော့ကောင် ဈေးသွားတွန်းပေးလိုက်လို့ ပြောနေဒယ်"

လိုက်ကာနား ရပ်နားထောင်နေသော ခင်နှင်းဆီ ဆီက . . ခွီးခနဲရယ်သံ ထွက်လာ၏။ လူပါ ပေါ်လာ၏ . . . ။

"ဘယ်သူ့ကို တွန်းပေးရမှာလဲရှင့်"

"အယ်! . . "

"ဟို . . ဟို . . ဆ . . ဆရာမများ ရေချိုးနေလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အလကားပြောတာ ညီမလေး၊ ညည်းကို တွန်းပေးခိုင်းနေတာ"

သရဖီပါ ရယ်မော၍ စကားဝိုင်းထဲ ပျော်ဝင်လာသည်။ အကြည့်တွေအားလုံး ခင်နှင်းဆီအပေါ် စုပြုံကျရောက်နေသည်။

မေမေကျောင်းသူဘဝက ဝတ်သော ဆွယ်တာအနက်နှင့် သန့်ပြန့်ချပ်ရပ်နေ၏။ သတိနည်းနည်းထားကြည့်ရုံနှင့် သူမ၏ ဝင်းစိုသော အပေါ်ပိုင်းအရေပြားအားလုံးသည် ဆွယ်တာသိုးမွေးသားနှင့် ထိအိနေကြောင်း သိနိုင်၏။

သေချာသည်မှာ မေမေ ကျောင်းသူဘဝက အတွင်းခံများ ရှိမနေတော့ခြင်းပင်။ (ဟုတ်ကဲ့၊ braless ဟုရေးလျှင် ရိုင်းမည်စိုး၍ပါ။ စပ်မိ၍ မှာရီလင်မွန်ရိုး (၁၄)နှစ် သမီးတုန်းက ဤအတိုင်း braless ဖြင့် ကျောင်းသွားဖူးသည်။ မြင်သူတိုင်းက. . မင်း ဒီနေ့ ပိုလှတယ်ဟု ပြောကြသတတ်'တဲ့။ ဤကား စကားချပ်. . )

"ရေပြန်ချိုးရင် ကောင်းမလားပဲ. . ဟီး. . ဟီး"

မေးရိုက်သံ လက်ကျန်နှင့် ခင်နှင်းဆီ လှမ်းအီသည်။

"အပြန်အလှန် စေတနာပါကြေးဆို ပြန်ချိုးတာပေါ့၊ ရှောလောလောဆယ် ဒီအင်္ကျီ ထပ်ဝတ်ထားလိုက်၊ မိတ်မျက်လုံးဒဏ်ကာကွယ်ဖို့. . ."

မေမေ့ထမိက အဖြူပွင့်တွေပါနေ၍ အင်္ကျီအဖြူနှင့် လိုက်သည်။ သူမ ဝတ်နေစဉ်. . သူက ကြာဇံပြုတ်နှစ်ပွဲ ခပ်ထည့်သည်။ နေလင်းအောင်က အသံတိတ် လှမ်းဆဲစဉ်. . မေမေဝင်လာ၏။

"ဘယ်လိုဖြစ်လာကြတာလဲဆိုတာ စားရင်းသောက်ရင်း

www.burmeseclassic.com



မေမေ့ကို ပြောပြကြပါဦးကွဲ့”

ခင်နှင်းဆီ အဝတ်ဟောင်းတွေ စက်နှင့်လျှော်ပြီး အိမ်ပြင်ထုတ်လှမ်းလာပုံရသည်။ ပုခုံးရေစိုနှင့်မေမေ စားပွဲဝင်ထိုင်ရင်း မေးလာခြင်း ဖြစ်သည်။ သူမကို ဘေးချင်းယှဉ်၍ မျက်လုံးပင့်ပြသည်။

ဘယ်လိုပြောရင် ကောင်းမလဲဆိုသော. . တိုင်ပင်သည့် အကြည့်မှန်း ခင်နှင်းဆီကလည်း သိသည်။ သူက. .

“အမှန်အတိုင်းပဲ ပြောမယ်နော် မေမေ”

“အမှန်အတိုင်း သူ မပြောရင်လည်း သမီးက ဖော်ကောင်ပဲ ဟဲ. . ဟဲ”

သူမက အလိုက်သင့်ပင် ဝင်ထောက်သည်။ မေမေပြုံးရင်း သူတို့ ပန်းကန်တွေထဲ ငုံးဥဖတ်တွေ ဆယ်ထည့်ပေးနေသည်။

“အင်မတန် ပျော်စရာကောင်းတဲ့ သတင်းစကားတစ်ခုကို ထင်မထားတဲ့အချိန်နဲ့ ထင်မထားတဲ့အခြေအနေမှာ သားရလိုက်တယ်. . မေမေ”

သူပြောနေပုံကို သူမ လင်းလက်စူးရဲစွာ နားစွင့်ရင်း ကြည့်နေသည်။

“သားရောက်နေတဲ့နေရာက. . သားစိတ်ကူးနဲ့ ခဏခဏ လုပ်နေပေမယ့် မလုပ်ရဲလို့ မလုပ်ခဲ့ရတဲ့နေရာ ဖြစ်နေတယ်၊ ဟိုဘက်ဒီဘက် ကွန်ကရစ်ခင်းထားတဲ့ ဆည်မြောင်းတံတားကျဉ်းလေးပေါ်မှာလေ အဲ့ဒီနေရာရောက်တိုင်း ရေထဲဖွမ်းပစ်ချကြည့်ချင်တာ၊ သား တစ်ခါမှမလုပ်ရဲခဲ့ဘူး”



www.burmeseclassic.com

www.burmeseclassic.com


"အို. . ရေထဲကို ဂွမ်းပစ်ချချင်တာ. . ."

မေမေက ရင်ဖိ၍ သံယောင်လိုက်ရွတ်သည်။ မျက်ကလဲဆန်ပြာ သူ့ကိုကြည့်နေသည်။ သားလေး ရေမကူးတတ်ခဲ့တာ ငါ့အပြစ်ဟူသော မိခင်နောင်တသည် မေမေ့မျက်ဝန်း၌ ရွှန်းခနဲဝေ့နေ၏။

"ပျော်ပြီးတော့ စိတ်လွတ်ကိုယ်လွတ် လုပ်ချလိုက်မိတယ် မေမေရေ၊ တစ်ပတ်ဂွမ်းပဲ. . ဗွမ်းခနဲ. . ၊ ဘဝဟာ အရသာ အေးစိမ့်မှုထဲ နှစ်ထောင်းအားရ ဖြစ်နေလိုက်ပုံများ. . တစ်မိနစ်နီးပါး ရေထဲပျော်နေသေးတာ၊ မွန်းလာမှ ခြေမကိုင်မိ လက်မကိုင်မိဖြစ်မှ သား ရေမကူးတတ်တာ သတိရတော့တာ. . ."

"ဖြစ်ရလေသားရယ်၊ မသေကောင်း မပျောက်ကောင်း"

"မေခလာနတ်သမီး အဆင်သင့် ရှိနေလို့ပေါ့ မေမေရယ်"

ပူပူနွေးနွေး ချစ်သူလေးကို လှမ်းကြည့်ရင်း ပြောခြင်းဖြစ်သည်။

"အဲ့ဒီ မေခလာ ရေကူးတတ်လား မကူးတတ်လား မသိဘဲနဲ့. ."

လက်ကျန်မေးရိုက်သံလေးနှင့် အေးအေးဆေးဆေး ပြန်ပြောသော ပူပူနွေးနွေးလေး၏ မျက်စောင်းစကား ဖြစ်ပါသည်။

မေမေသဘောပေါက်သွား၏။

"ဪ. . မေမေ့သားမှာ သမီးဆက်ပေးတဲ့ အသက်ပဲ ရှိတော့တာကိုး. . ကံသီပေလို့ပေါ့။ ကျေးဇူးတင်ပါတယ် သမီးလေးရယ်၊ သားလေးက သုံးနှစ်သားမှာ ကြွေဇလုံထဲ ရေနစ်ဖူးတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ရေကြောက်သွားတဲ့ သားလေးရဲ့ မိခင်ဖြစ်တဲ့ မေမေက လည်း အပျိုဖော်ဝင်ခါစက ရွှေကျင်မီးမျှောပွဲမှာ ရေနစ်ဖူးတော့ ရေဆို အသေကြောက်တယ်လေ၊ မြို့လေးက ချောင်းမြောင်း မနီး စပ်တော့ သားကို ရေကူးသင်ဖို့ မေမေ သတိရပေမယ့် မလုပ်ပေး ဖြစ်ခဲ့ဘူးပေါ့၊ ရေကူးကန်ရှိအောင်လည်း မြို့က တိုးတက်မလာဘူး လေ၊ နေပါဦး. . . သား ဝမ်းသာစရာသတင်းကို မေမေ သိခွင့်ရှိ လားဟင်"

"အဲ့ဒါကို ဂုဏ်ယူဝမ်းမြောက်စွာ သားပြောပြချင်နေတာ မေမေ၊ ဘယ်လိုလဲ ပြောရမလား မခင်နှင်းဆီ"

သားအမိ စကားပြောခန်းက ကဗျာဆန်နေသဖြင့် စားရင်း သောက်ရင်း နားထောင်နေမိသော မခင်နှင်းဆီက. . .

"ကိုချစ်ဘော်တို့ သားအမိက သူငယ်ချင်းလိုပဲ၊ ပျော်စရာ သတင်းဆိုတာ သူငယ်ချင်းကိုလဲ ဖွင့်ပြောရတယ်လေ. . ပြောပေါ့"

မေမေ ပြုံး၍ နားထောင်နေ၏။

"သားနဲ့သူ ချစ်သူတွေအဖြစ် ကြေညာလိုက်ပြီ မေမေ၊ သူ သားကို အဖြေပေးထားတယ်လေ"

"မေမေလည်း ဝမ်းသာပါတယ်ကွယ်၊ အဓိက မှာချင်တာက ဆိတ်ကွယ်ရာမှာ သစ္စာရှိကြပါ၊ စည်းကမ်းရှိကြပါ. . လို့ပဲ မေမေ မှာပါရစေ၊ ကဲ. . စားကြဦး၊ မေမေ အိမ်အလုပ်တွေ ရှိသေးတယ်"

ခင်နှင်းဆီ ဆံပင်လေးတွေကို ဖွဖွဆုပ်ကိုင်၍ မေမေ အပြင် ခန်းဘက် ထွက်သွားသည်။

ထိုစဉ် သရဖီ၏ဖုန်း ဝင်လာခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . အဖေ့ဖုန်းတော့"

ပျော်ရွှင်ရယ်မောနေသော မျက်နှာလေး ချက်ချင်းသွေးဆုတ်သလို ဖြူလျော်သွားပြီး တုန်လှုပ်လာသည်။ မျက်ကလဲဆန်ပြာဖြစ်သွား၏။

"မိုးမီးလောင်ပြီ ညီမလေးရေ"

နံပါတ်ကြည့်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

"မမနားထောင်လိုက် စပီကာဖွင့်ထား"

"ဟင့်အင်း. . ဟင့်အင်း. . မမ ဘာပြောရမှန်း မသိဘူး"

"ပေး. . ပေး. . ညီမကိုင်မယ်၊ ဟဲလို. ."

"ဟဲ့. . သရဖီမ. . နင် ဘယ်မှာလဲ"

"ခင်နှင်းဆီပါ ဘဘ၊ မမ အိမ်သာဝင်နေလို့"

ဟိုက ဒေါသသံနှင့် ဝေါက်မေးမေးသည်။ သူမက ပုံမှန်အသံနှင့် ပြန်ဖြေသည်။

"နင်တို့ဘယ်မှာလဲ"

"ဆရာမတစ်ယောက်ရဲ့အိမ်မှာပါ ဘဘ"

"သရဖီကို ပြောလိုက်၊ အသက်ကို ဖက်နဲ့ထုပ်ပြီး အခုပြန်လာလို့ ဒါပဲ"

ဖုန်းချသွားသည်။

"ဘယ်. . ဘယ်လိုလုပ်ကြမလဲ ညီမလေး၊ အဖေက ရန်ကုန်သွားမယ်ဆိုပြီး ဘာလို့အိမ်ပြန်လာသလဲ မသိဘူး"

သရဖီ အသံတွေတုန်၍. . လက်ဖျားတွေ အေးစက်လာကြောင်း နေလင်းအောင် သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်ရင်မပြန်နဲ့တော့၊ တစ်ခါတည်း ကိုယ့်အိမ်လိုက်ခဲ့တော့၊ သရဖီကို ဒီနေ့ပဲ ကိုယ်ခိုးပြေးပြီလို့ ပြောလိုက်တော့ ခင်နှင်းဆီရေ"

"မဖြစ်ပါဘူး၊ ခင်နှင်းဆီကို ကျေးဇူးရှင်ဖြစ်နေလို့ အဖေက လျှော့ပေးနေတာ၊ ဆပ်စလူးမဆိုပြီး ကြည့်လို့ရတာ မှတ်ဘူး၊ ညီအစ်ကိုချင်းပါ ကျိုင်တက်ကုန်လိမ့်မယ်၊ အိမ်ပြန်မယ်. . ဖြစ်ချင်ရာဖြစ် လာ. . ညီမလေး ရိုက်လည်း မမခံမယ်ကွာ၊ အသေတော့ မသတ်ဘူး ထင်တာပဲ၊ အဟင့်. . လာ. . ထ"

နေလင်းအောင်က ထရပ်နေသော သရဖီလက်ကို ဆောင့်ဆွဲ၍ အတင်းပြန်ထိုင်ခိုင်းရင်း. .

"မင်း ငရဲတွင်းထဲဆင်းတာကို ကိုယ်က ဒီအတိုင်းထိုင်ကြည့်နေရမလားကွ၊ ကိုယ့်သမီးကိုယ် ကျွဲရိုက်နွားရိုက် ရိုက်နေတဲ့ အဖေဆီ မင်း မပြန်ရဘူး၊ မင်းကို ကာကွယ်ဖို့ ငါ့မှာတာဝန်ရှိတယ်"

ခင်နှင်းဆီက အလေးအနက် စဉ်းစားနေသည်။ ခင်နှင်းဆီ ဘာပြောမလဲဟု သူကလည်း စောင့်ကြည့်နေသည်။

"မမ အေးအေးဆေးဆေး စဉ်းစားရမယ့်အချိန်ပဲ၊ ခေါင်းအေးအေးထား၊ ကိုနေပြောတာ မှန်တယ်၊ မမဟာ တကယ် ငရဲကျနေခဲ့တာပဲ၊ ညီမ မမငရဲကို ကာကွယ်ဖို့ လာနေပေးတာ၊ ညီမ အိမ်ကပြဿနာဟူသမျှ ရှင်းနိုင်တယ်၊ မမလိုက်ပြေးလို့ရတယ်၊ မမကိုယ်ပိုင်ကိစ္စ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်"

"ဟဲ့. . အိမ်ဖော်မိန်းမအေးက ညီမဖွင့်ပေးတော့တဲ့ဆိုင်ကို အပိုင်သိမ်းတော့မှာဟဲ့၊ အမေ့ကိုလည်း ကျွန်လို ပြန်ခိုင်းတော့မယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဖေဆောင်ထားတဲ့ ဆွဲကြိုးကို ပေါ်တင်ဆင်ထားတာ ညီမ မနက်က မြင်ခဲ့သားနဲ့ မမအိမ်မှာမရှိလို့ ဖြစ်ကိုမဖြစ်ဘူး၊ တရားစခန်း ဝင်နေတဲ့ အမေ့ကိုလည်း သောကရောက်အောင် လုပ်လို့မဖြစ်ဘူး"

သူ ဝင့်ပါရတော့မည်ဖြစ်သည်။ အခုကိစ္စက လူငယ်ချင်း ပြေလည်အောင် ဆွေးနွေးရမည့်ကိစ္စ ဖြစ်သည်။ မေမေ့ကို အသိမပေးချင်သေး. . ။

"လာကြ. . ခြံထဲမှာဆင်းပြီး အကောင်းဆုံးဖြစ်အောင် စဉ်းစားကြမယ်၊ လူကြီးတွေမသိရင် ပိုကောင်းမယ်"

အိမ်ဘေးမှပတ်၍ ခြံထဲဆင်းလာကြသည်။ သရဖီက တကယ်ကိုကြောက်ပြီး စိတ်ပူပင်နေပုံရသည်။ ခင်နှင်းဆီက သရဖီကို ခြံထောင့်ရှိ ခရေပင်အောက်သို့ ခေါ်သွားသည်။ ညီအစ်မနှစ်ယောက် ဆွေးနွေးနေစဉ်. . .

"မင်း ရအောင် ဆွေးနွေးပေတော့ ငနေ၊ ငါတို့ အစွမ်းကုန် ကူညီမယ်"

"အေးပါကွာ. . အိမ်ကလည်း ကြည်ဖြူမှာပါ၊ ဟိုမယ်. . ခင်နှင်းဆီ လာနေပြီ၊ ငါ သရဖီကို ရအောင်ညှိမယ်"

"ဖျောင်း!. . "

လက်ဝါးမြှောက်ရိုက်၍ နေလင်းအောင် တက်ကြွစွာ ထွက်ခွာသွားသည်။

ခင်နှင်းဆီနှင့်လည်း ရိုက်သွားသေးသည်။ အောင်မြင်ပါစေဟု ခပ်အုပ်အုပ် ဆုတောင်းသံကို ကြားလိုက်ရသေးသည်။ အနားရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ပွင့်လင်းလင်း ပြောစရာတွေ ရှိတယ်ကို"

"ပြောလေ ဟိုခုံတန်းမှာ ထိုင်ရအောင်"

ပူးပူးကပ်ကပ် ထိုင်မိကြသည်။ လက်ဝါးချင်း ဆုပ်ရင်း. .

"မမသရဖီဟာ တကယ့်ငရဲတွင်းထဲ ကျနေတာ'ကို'၊ ဘဘဦးအောင်မောင်းကလည်း စီးပွားပျက် လူပျက် တဏှာကျေးကျွန်ဖြစ်ပြီး မိန်းမနဲ့သမီးကို ကမ္ဘာရန်နဲ့ ဆက်ဆံနေပြီ၊ ဖေဖေဦးအောင်ကောင်းနဲ့လည်း ဆယ်နှစ်ကျော် ညီအစ်ကိုခန်း ဖြတ်နေခဲ့တာလေ၊ မမတို့ ဒီမြို့ပြောင်းတယ်ကြားကြားချင်း. . ခင်နှင်းဆီ ဖေဖေမသိအောင် စက်ဘူသွားမယ်ဆိုပြီး ဒီမှာလာကူညီပေးနေတာ၊

အိမ်ဆိုင်လည်း ခင်နှင်းဆီပဲ ဖွင့်ပေးရင်း အခြေအနေကိုအကဲခတ်နေတာ၊ ခင်နှင်းဆီ ရောက်နေလို့ မမသရဖီ အရိုက်သက်သာနေတာ၊ ဒီတစ်ခါတော့ ပွဲကြီးပွဲကောင်းပဲ၊ ကိုနေနဲ့ အပြီးလိုက်သွားသင့်တယ်၊ မနက်က မိအေးနဲ့ မမသရဖီ ဆွဲကြိုးကိစ္စ စကားများတယ်၊ ဘဘကို ငိုကြီးချက်မ လှမ်းတိုင်ပါလိမ့်မယ်၊ ဟိုကလည်း မွန်ပြီး သူ့သမီးကို ဆော်တော့မယ်. . ရန်ကုန်တောင် မရောက်ဘူးထင်ပါရဲ့"

အတိုကျဉ်း၍ လိုတိုရှင်း သူမပြောပြပုံက သရဖီဘဝကိုထင်းခနဲ မြင်လိုက်ရသည်။ ကာကွယ်မည့် အမေလည်း မရှိ။ ခင်နှင်းဆီကတော ယောက်ျားအားကြီးကို ဘယ့်နှယ်လုပ် ကာကွယ်နိုင်မည်နည်း။

အရက်ဖန်ခွက်လေး ကျကွဲတာကိုပင် ပါးရော နားရင်းပါလဲအောင် အရိုက်ခံရရင်. . ခု ကျကွဲတာက အသက်ပူးလေ၊ ပါးကွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေရော့မည်။

"အေး. . ပြောမရရင်လည်း အဲ့ဒီငရဲတွင်းထဲ မင်း ပြန်ဆင်း ပေတော့ သရဖီ၊ မင်း ငါ့ကိုပါ တစ်ခါတည်း မေ့ပစ်လိုက် ဒါပဲ. . ငါ ဒိုးပြီ၊ နေလင်းအောင် ဆိုတဲ့ကောင်က. . ဟင်. . ဆိုရင် လှည့်မ ကြည့်ဘူးမှတ်"

ကျယ်လောင်သော ဒေါသသံနှင့်ပြောပြီး ရှုးရှုးရှဲရှဲ လှည့် ထွက်လာသော နေလင်းအောင်ကို နှစ်ယောက်လုံး မျက်လုံးပြူး၍ ကြည့်နေမိကြသည်။

"အလကားမိန်းမ. . ဖြစ်ချင်ရာဖြစ် ငါ ပစ်ထားခဲ့ပြီဟေ့"

လှမ်းနှုတ်ဆက်သည်။ ဝုန်းခနဲ မောင်းထွက်သွားသည်။ လှည့် ပင်မကြည့်. . ။

"ပြဿနာပဲ ကိုရှေ့၊ မမသရဖီ ပါးကွဲရုံမကဘူး၊ အသည်းပါ ကွဲပြီ၊ လာ. . သွားချော့ရအောင်"

သရဖီ ရှိုက်ကြီးတငင် ငိုနေရှာသည်။ ရှိုက်သံနှင့်. . .

"အမေဆဲတဲ့ ဖေတရာမက. . မိအေးကို စောင်းဆဲတာ၊ အမေရိပ်မိနေတာကြာပြီ၊ အမေ့ကို မမချစ်တယ်၊ အမေ့ကို မခွဲနိုင် ဘူး"

ရင်ထဲ နင့်ခနဲ နင်သွားကြသည်။

သူ့ရင်ထဲ ပို၍နင့်စေသည်က ခင်နှင်းဆီ၏ နှုတ်ဆက်စ ကား. . .

"ရှင်တို့လူ သစ္စာမဲ့ရင်တော့. . ဒီပုတ်ထဲက ဒီပဲပဲ နှင်းလည်း တူတူပဲ၊ ကျမ မမ အသည်းကိုမခွဲဖို့ ကျမ ဒူးထောက်တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ်နော်၊ ဒီဇာတ်လမ်းက ရှင်စတာ၊ ရှင့်လက်ရေးနဲ့ စာတွေနဲ့ စတာ. . ဒါပဲ". . တဲ့. . ။

ဟုတ်ပ့ါ. . ၊ ဘယ်လက်နဲ့ အနုပညာဆန်ခဲ့တဲ့ စောက်ပေါ ဇာတ်က သူ စခဲ့မိလေခြင်း။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နီလင်းအောင်နှင့် ထိုနေ့မှစ၍ အဆက်အသွယ် လုံးဝ ပြတ်တောက်သွားလေသည်။ ဖုန်းဆက်သည်။

ဆက်သွယ်ရေးဧရိယာပြင်ပနှင့် လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင့်ချည်း ဖြစ်လာသည်။ အိမ်ကို သွားမေး သည်။

တို့က မင်းကိုမေးမလို့၊ အိမ်မပြန်လာတာ ကြာပြီတဲ့. . ။

ခင်နှင်းဆီဖုံးလည်း အလားတူ။

သူ ရက်ပေါင်းများစွာ ဝေါင်ပြီး ငူနေတော့သည်။ ဆိုင်ကို အရဲစွန့်၍သွားသည်။ မအေးဆိုသော နှုတ်ခမ်းနီ နှမ်းချင်းမနှင့် မျက် ထောင့်နီနှင့် ကြည့်တတ်သော သရဖို့ဖခင် ဦးအောင်မောင်းဆိုသူကို သာ အိမ်ဆိုင်ထဲ မြင်ရသည်။

အိမ်ထဲမှာတော့ သူမတို့အရိပ်ကိုတွေ့သည်။ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ချင်လှသည်။ အဘိုးကြီး၏အကြည့်ကို ဒေါသနှင့် မတုန့်ပြန်မိအောင်ထိန်းရင်း တပ်ပြန်ခေါက်ခဲ့ရသည်ချည်းဖြစ်သည်။

ကဗျာမဆန်စွာ အရပ်စကားနှင့် ပြောရလျှင် သိန်း(၁၅၀၀) အောင်ဘာလေ ထီပေါက်ပါ၏။ လက်မှတ်ပျောက်နေခဲ့ပြီတကား။

နှစ်ပတ်ကျော် ကြာသောအခါ ဖုန်းထဲ စာဝင်လာ၏။

"ရှင့်နေလင်းအောင် အိမ်ရှေ့ကဖြတ်သွားတယ်. . ၊ ဆိုင်ကယ်ပေါ်မှာ ကောင်မလေးတစ်ယောက်နဲ့. . အားလုံး The end ပဲ". . တဲ့။

သူ နေလင်းအောင်ကို မြေလှန်ရှာသည်။ မတွေ့. . ။

ခင်နှင်းဆီထံ စာပို့သည်။ မရောက်. . ။

သူ ဦးနှောက်ခြောက်လာသည်။ စိတ်လေလာသည်။

"သား. . သား တစ်ခုခုဖြစ်နေတယ်၊ မေမေ့ကို သူငယ်ချင်းလို တိုင်ပင်တော့လေ. ."

မေမေဖွင့်မေးလာသောအခါ. . ဖြစ်ကြောင်းကုန်စင်ကို နတ်သံနှော၍ ပြောပြလိုက်သည်။ ရင်ထဲကစကားတွေ မျက်ရည်အဖြစ်နှင့် မျက်လုံးမှပင် ထွက်ကျခဲ့သည်။

ရင်ထဲပေါ့သွားမှ မေမေက. . .

"ခင်နှင်းဆီဖုန်းနံပါတ် မေမေ့ကိုပေး၊ မေမေဆက်သွယ်ပြီး အကျိုးအကြောင်း အကောင်းဆုံးသိရအောင် လုပ်ကြည့်မယ်၊ သားက မေတ္တာသာပို့ပေးနေပါ၊ မင်းဖေဖေဆီကလည်း ဖုန်းလာတယ် သား၊ နက်ဖန်မနက် အိမ်ပြန်လာမယ်တဲ့၊ အရေးကြီးခွေသည် ပါမယ်တဲ့၊ သုံးယောက်စာစားဖို့ နားဖို့ ပြင်ဆင်ထားပါတဲ့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အိပ်တစ်ခန်း၊ နှစ်ယောက်အိပ်တစ်ခန်း ပြင်ပါတဲ့. . .

သူ မေမေနှင့်အတူ အိပ်ခန်းများ ဝိုင်းပြင်ရင်း ဖေဖေအိမ်ကို ညွှန့်သည်ခေါ်လာလေ့ မရှိသဖြင့် ဘယ်လိုအရေးကြီး ညွှန့်သည်ပါ လိမ့်ဟုတော့ တွေးနေမိသေးသည်။ အဆက်အသွယ်အားလုံး ပြတ်တောက်နေခြင်း ရည်းစားပူမိနေခြင်းကြောင့် သူ မသိလိုက်သော အဖြစ်အပျက်အကြီးကြီးတစ်ခုမှာ တရားစခန်းဝင်နေသော သရဖီ ၏မိခင်ကြီး မက်နှစ်ခါရပ်၍ သောတာပန်မှ သကဒါဂါမ်ဖြစ်ပြီး လှပစွာ ဘဝကူးသွားခြင်းနှင့် နက်ဖန် အသုဘရက်လည်မည့်နေ့ ဖြစ်နေခြင်း ပင်. . .။

ထိုညဦးက သူ စိတ်ပြေလက်ပျောက် အနီးကပ်မျက်စောင်း ကို အလင်းလက်ဆုံး ဆေးစက်တချို့ တို့နေစဉ် မေမေ ဖုံးနှင့်အလုပ် ရှုပ်နေခဲ့သည်။

ညဦးက အိပ်ရေးပျက်သဖြင့် ခြံထောင့် ခရေပင်အောက် ခုံတန်းတွင် သူမှိန်းနေစဉ် ဖေဖေ၏ လေအိပ် Express ကားကြီး ခြံထဲဝင်လာသည်။ လေအိပ်ကားနောက်က ဆာ့ဖ်ကားအဖြူကြီး လိုက်ဝင်လာသည်။ လေအိပ်ကားပေါ်က ဒရိုင်ဘာဦးစိုးနှင့် စပယ် ယာအောင်အေး ဆင်းလာသည်။

ဖေဖေနှင့် ညွှန့်သည်ယောကျ်ားကြီးနှစ်ယောက်သာ ဆာ့ဖ် ကားပေါ်က ဆင်းလာသည်ကို လှမ်းမြင်ရသည်။ ဖေဖေ သူ့ကိုမမြင် သေး၊ သူ ဖေဖေမြင်ရန် မတ်တတ်ရပ်ပြသည်။ မေမေ အိမ်ထဲမှ ထွက်လာသည်။ ညွှန့်သည်နှင့် ကားနား စကားရပ်ပြောနေကြသည်။

ခဏအကြာ ဖေဖေနှင့်ညွှန့်သည်က လေအိပ်ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com


တက်ရန်ပြင်သည်။ မေမေ ဘာပြောသည်မသိ၊ ဖေဖေသူ့ကို လှမ်းကြည့်၍ လက်ဇွေ့ရမ်းပြသည်။ သူလည်း ပြန်ပြသည်၊ ဖေဖေနှင့်ဆွေ့သည်ကြီး လေအိပ်ကားကိုမောင်း၍ နှစ်ယောက်သား ပြန်လည်ထွက်ခွာသွားကြသည်။

မေမေ ဖုံးကိုင်ထားမှန်းသိ၍ သူ ဖုံးနှင့်ပင် လှမ်းမေးလိုက်သည်။

"ဖေဖေတို့ ဘယ်သွားတာလဲ မေမေ"

"ဆွေ့သည်နှစ်ယောက် ကျန်သေးလို့ သွားခေါ်တာ"

"ဖေဖေပြန်လာရင် နိုးနော်၊ သား ဗိုခုံပေါ် အိပ်စောင့်နေမယ်"

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားသည်။ ဖေဖေပြန်လာ၍ ဘဝလုံခြုံ စိတ်ချသွားသဖြင့်လည်း ဖြစ်သည်။ သူနိုးတော့ လေအိပ်ကားကြီး ပြန်ရောက်နေပြီ။ ဦးစိုးနှင့် အော့င်အေးက သန့်ရှင်းရေးလုပ်နေကြသည်။ ဆော့ဖ်ကားကြီးကို ပြောင်လက်စွာ မြင်ရသည်။ အောင်အေးက ကိုချစ်အောင် အိပ်ပုတ်ဟု လှမ်းစနေသေးသည်။

အိမ်ကိုအကဲခတ်သောအခါ. . .

အပေါ်ထပ်က နှစ်ယောက်အိပ်ခန်း ပြူတင်းများ ပွင့်နေသဖြင့် သွားခေါ်သောဆွေ့သည်နှစ်ယောက်လည်း အိမ်မှာရောက်နေပြီဖြစ်ကြောင်း သိလိုက်၏။

သူဘယ်လိုမှ မသိသေးသည်မှာ. . နှစ်ယောက်အိပ်ခန်းမှ ထိုဆွေ့သည်နှစ်ယောက်သည် သကာဒါဂမ်(ကြီးကြီးနှင့် မေမေကို သပိတ်သွပ်ပြီး အထုပ်ဆွဲဆင်းလာသော ညီအစ်မနှစ်ယောက် ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



နေခြင်းနှင့် တစ်ယောက်အိပ်ခန်းမှ ဧည့်သည်ကြီးသည် သူ့ဖေဖေ၏ ဘောစိနှင့် ခရီးသွားအေဂျင်စီ၏ အတွင်းရေးမှူးကြီး ဦးအောင်ကောင်း ဖြစ်နေခြင်း. . ။

ဦးအောင်ကောင်းက ရပ်မိရပ်ဖများရှေ့တွင် ဆိုင်ကို နာမည်ပြောင်းပေး၍ အစ်ကိုဦးအောင်မောင်းနှင့် မအေး(ခေါ်)မအေးလေးကို တရားဝင်လက်ထပ်ပေး၍ မင်္ဂလာစားရိတ် သိန်းငါးဆယ် လက်ဖွဲ့ခဲ့ခြင်းပင်။

စကားပူဆိုပြီး ခြေရာဖျောက်ခါ သူ့အစ်မကို လာရောက်စောင့်ရှောက်နေသော သမီးခင်နှင်းဆီကိုတော့ ဒါမှဖေဖေ့သမီးဟု ချီးကျူးစကားနှင့် ဆံပင်ဖွဖွ ပွတ်လေသည်။

ဖေဖေသမီးလည်း ရည်းစားရနေပြီဟု သူငယ်ချင်းလို သူ့အဖေကို ဖွင့်ပြောခဲ့သည်ကိုလည်း အကြားမမြင်မရသော ကျွန်ုပ်တို့ဘတ်လိုက် ချစ်ရင်ထူး(ခေါ်)ချစ်ဘော်က ဘယ်လိုလုပ် ကြိုသိနိုင်မတုန်းနော်. . .

BURMESE CLASSIC .com

"ကျွီး!. ."

"ဟာ. . ခွေးမသားငနေ မင်းဘယ်ပျောက်နေတာလဲ၊ သူလေးက. ."

"ငါ့ညီမဝမ်းကွဲလေ နေပြည်တော်က၊ သရဖီနဲ့သူလည်း ခင်နေပြီ. . ဟေဟေ့"

"ဒါကြောင့် မိတ်နဲ့တွေ လှိုင်နေတာကိုး. . ဟား. . ဟား"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဖုန်း မြည်လာသည်။

ဟာ!. . ခင်နှင်းဆီဖုန်း. . ။

ဒိတ်ခနဲ ဝမ်းသာသွား. . .

"ရှင်. . စောက်ပေါလား"

"သိပ်ဟုတ်တာပေါ့။ မင်း. . မင်းက. . အခု ဘယ်. . ဘယ်မှာလဲ"

"အထုပ်အပိုးနဲ့ ခိုးရာလိုက်လာတာလေ၊ ရှင့်အိမ်ပေါ်မှာ"

"အွန်!. . ဘယ်လိုက ဘယ်လို"

အိမ်ဘက်လှမ်းကြည့်သည်။ ဘာအရိပ်အယောင်မှ မတွေ့ရ. . ။

"ဘာတွေလဲဟ. . ရှင်းပြကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



“မေမေက ညဉ့်ကတည်းက ဘယ်သန်လေး ပန်းချီဆွဲနေပုံ ဗွီဒီယိုဖိုင်လေး လှမ်းပို့တယ်၊ နှင်းဆီရဲ့ နှလုံးသားထဲက အနီးကပ် မျက်စောင်းကို ဓါတ်ပုံမှာ တစ်စွန်းတစ်စ မြင်ဖူးပြီး မေမေ့ဗီဒီယိုမှာ အကြမ်းဖျဉ်းမြင်ရတဲ့ ရှင့်သန့်ရှင်းမှုကို ကျမခိုက်တယ်၊ အခု အသေး စိပ်မြင်ရပြီ. . ၊ ဝရံတာကို လှမ်းကြည့်လိုက်. . ၊

အနီးကပ်မျက်စောင်းနဲ့ ခင်နှင်းဆီ ရှိနေတယ်၊ အဝေးမျက် စောင်းမထိုးခင် အပြေးတက်ခဲ့. . ”

ဟုတ်ပါ့. . ၊ ခင်နှင်းဆီက ခင်နှင်းဆီကို ရင်ခွင်ထဲ ခင်းကျင်း ပြနေသည်။

သူ မြက်ခင်းကိုဖြတ်အပြေး သရဖီလည်း အပြေးထွက်လာ သည်။ ငနေကို လှည့်အော်လိုက်သေး. . . ။

“ငနေရေ. . အဲ့ဒီမယ် မင်းမိတ်နံ့လေး အပြေးလာနေပြီ”

သူလည်း ပြေးနေသည်။

BURMESE CLASSIC

သူ. . မိတ်. . ဆီ. . . ။ ။

ပြီး



www.burmeseclassic.com